မြန်မာ့အမျိုးသမီးသမဂ္ဂ

ခန္ဓာကိုယ်အား စစ်လက်နက်အဖြစ်

# အသုံးပြုခြင်း

မြန်မာနိုင်ငံတွင်ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို
စစ်နှင့် ဖိနှိပ်မှုနည်းနာအဖြစ်အစီစဉ်ချအသုံးပြုခြင်း



၂၀၂၅ ခုနှစ်

# ခန္ဓာကိုယ်အား စစ်လက်နက်အဖြစ်အသုံးပြုခြင်း

## မြန်မာနိုင်ငံတွင်ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို စစ်နှင့် ဖိနှိပ်မှုနည်းနာအဖြစ် အစီစဉ်ချအသုံးပြုခြင်း

မြန်မာ့အမျိုးသမီးသမဂ္ဂ
နိုဝင်ဘာ ၂၀၂၅

# ကျေးဇူးတင်ဂုဏ်ပြု မှတ်တမ်းတင်လွှာ

ဤအစီရင်ခံစာအား အကောင်အထည်ဖော်နိုင်ရန်အတွက် အဖက်ဖက်မှ ပံ့ပိုးကူညီမှုများ ပြုလုပ်ပေးခဲ့ကြသောလူတစ်ဦးချင်းစီနှင့် အဖွဲ့အစည်းများ (အမျိုးသမီးများနှင့် လူ့အခွင့်အရေးအဖွဲ့အစည်းများ) အား မြန်မာ့အမျိုးသမီးသမဂ္ဂ Burmese Women's Union (BWU) မှ ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဖော်ပြအပ်ပါသည်။ ၎င်းတို့၏ စေတနာထက်သန်မှု၊ ကျွမ်းကျင်နှံ့စပ်မှုနှင့် ထိုးထွင်းဉာဏ်များဖြင့် မကူညီပေးခဲ့ပါက ဤအစီရင်ခံစာကို အောင်မြင်ပြီးမြောက်အောင် ရေးသားပြုစုနိုင်မည် မဟုတ်ပေ။

ပထမဆုံးအနေဖြင့် မြန်မာ့အမျိုးသမီးသမဂ္ဂအဖွဲ့ကို ယုံကြည်စိတ်ချစွာဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်ခံရမှုဖြစ်စဉ်များကို ရဲရင့်စွာသက်သေခံ ထွက်ဆိုချက်များ ပေးခဲ့ကြသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် မျက်မြင်သက်သေ များအားလုံးကို မိမိတို့အဖွဲ့မှ အထူးကျေးဇူးတင်ရှိပါကြောင်း လေးနက်စွာဖြင့် မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

ဒုတိယအနေဖြင့် မြေပြင်တွင် စိန်ခေါ်မှုများ၊ ကန့်သတ်ချက်များ ရှိနေသည့်ကြားမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်စဉ်များကို စနစ်တကျ မှတ်တမ်းတင်နိုင်ရန်အတွက် အန္တရာယ်ကိုမမှုဘဲ အချက်အလက်များ ကောက်ယူစု ဆောင်းပေးခဲ့ကြသော မြန်မာ့အမျိုးသမီးများသမဂ္ဂ၏ ကွင်းဆင်းအချက်အလက် ကောက်ယူသူများအားလုံးကို အထူးကျေးဇူးတင်ရှိပါသည်။

နောက်ဆုံးအနေဖြင့် ဤအစီရင်ခံစာဖြစ်မြောက်လာစေရန်အတွက် အဖိုးမဖြတ်နိုင်သော ပံ့ပိုးကူညီမှုများဖြင့် ကူညီ ပေးခဲ့သော ရှေ့ပြေးအသံအဖွဲ့ Progressive Voice ကို မိမိတို့ မြန်မာ့အမျိုးသမီးသမဂ္ဂမှ လေးစားစွာဖြင့် အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။ ၎င်းတို့အဖွဲ့၏ ကူညီပံ့ပိုးမှုများမရှိဘဲ ဤအစီရင်ခံစာကို ပြီး မြောက်အောင် အကောင်အထည်ဖော်နိုင်မည် မဟုတ်ပေ။

..........

# မာတိကာ


အနှစ်ချုပ်

၁။ နိဒါန်း ................ ၁

၂။ မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှု အခြေအနေ အကြောင်းအရာ ................ ၃

၂၊ ၁။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

၂၊ ၂။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန်ကြိုးပမ်းမှုမပြုခင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့်ဆက်နွယ်သောလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေများ ................ ၄

၂၊ ၃။ ၂၀၂၁ အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအခြေအနေ ................ ၆

၃။ သုတေသနနည်းလမ်းများ ................ ၉

၃၊ ၁။ သုတေသနနည်းစနစ်

၃၊ ၂။ အချက်အလက်ကောက်ယူရာတွင်ကြုံတွေ့ရသော ကန့်သတ်ချက်များ ................ ၁၁

၄။ ရှာဖွေတွေ့ရှိချက်များ ................ ၁၂

မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရှင်းလင်းတင်ပြခြင်း

၄၊ ၁။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများ ................ ၁၃

၄၊ ၁၊ ၁။ အကြမ်းဖက်ရာဇဝတ်စစ်အုပ်စု၊၎င်းတို့၏စစ်သားများ၊ပြည်သူ့စစ်များနှင့် ပတ်သက်ဆက်စပ်သူများ

၄၊ ၁၊ ၂။ တော်လှန်ရေးအဖွဲ့အစည်းများ ................ ၁၅

၄၊ ၁၊ ၃။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူအရပ်သားများ ................ ၁၆

၄၊ ၂။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများ ................ ၁၇

၄၊ ၂၊ ၁။ ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုနှင့် နှိပ်စက်ညှဉ်းပန်းမှုများ

၄၊ ၂၊ ၂။ ကျူးလွန်ခံရသူကို အပြစ်တင်ပြောဆိုခြင်း ................ ၂၀

၄၊ ၂၊ ၃။ လူကိုယ်တိုင်နှင့် အွန်လိုင်းမှတဆင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများ ................ ၂၂

၄၊ ၂၊ ၄။ ပြစ်ဒဏ်မှကင်းလွတ်နေခြင်း ................ ၂၄

၅။ ရှင်သန်လွတ်မြောက်လာသူများအပေါ် သက်ရောက်မှုများ ............... ၂၈
၅၊ ၁။ စိတ်ကျန်းမာရေး (ရှင်သန်လွတ်မြောက်လာသူများ)
၅၊ ၂။ အသက်မွေးဝမ်းကျောင်းမှု ............... ၂၉

၆။ တရားမျှတမှုရရှိရေး ............... ၃၁
၆၊ ၁။ အကာအကွယ်ပေးမှုနှင့် ကြိုတင်တားဆီးကာကွယ်မှုများ ကင်းမဲ့ခြင်း
၆၊ ၂။ ပဋိပက္ခအခြေအနေအတွင်း ရိုးရာအစဉ်အလာအရ ခွဲခြားနှိမ်ချဆက်ဆံခြင်းနှင့်ထိခိုက်နစ်နာစေသည့် အလေ့အထများ ............... ၃၃
၆၊ ၃။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများအတွက် တရားမျှတမှုရရှိရန် တော်လှန်ရေးအဖွဲ့များမှ စီမံအုပ်ချုပ်မှု ............... ၃၅
၆၊ ၄။ ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သက်၍ ကူညီဆောင်ရွက်ပေးနေသော လူထုအခြေပြုအစုအဖွဲ့များရင်ဆိုင်ရသည့်စိန်ခေါ်ချက်များ ............... ၃၈

၇။ နိဂုံးချုပ်သုံးသပ်ချက် ............... ၄၁

၈။ အကြံပြုချက်များ ............... ၄၅

# အနှစ်ချုပ်

မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဦးဆောင်ပြုစုသော ဤအစီရင်ခံစာသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီလမှ ၂၀၂၅ ခုနှစ် ဇူလိုင်လ အတွင်း ပဋိပက္ခဖြစ်ပွားနေသော နယ်မြေဒေသများအတွင်း ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ခွဲခြမ်းစိတ်ဖြာတင်ပြထားသည့် အစီရင်ခံစာဖြစ်သည်။ အမှုပေါင်း ၈၈ မှုအား ကောက်ယူမှတ်တမ်းတင်ခဲ့သည့် ဤအစီရင်ခံစာသည် မြန်မာနိုင်ငံအတွင်းရှိ လက်နက်ကိုင်စစ်တပ်မှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအားလက်နက်တခုသဖွယ် ကျယ်ပြန့်စွာအပြင် စနစ်တကျအသုံးပြုနေသည်ကို ဖော်ထုတ်လိုက်သည်။ အခြားသော လက်နက်ကိုင်အုပ်စုများသည်လည်း စနစ်တကျကျူးလွန်သည့်အသွင် မရှိသော်ငြား ဤလိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်နေကြသည်ကိုလည်း ရှင်သန်လွတ်မြောက် လာသူများ၏ ထွက်ဆိုချက်များ၊ မျက်မြင်သက်သေများ၏ ပြောပြချက်များဖြင့် ထုတ်ဖော်ပြသနိုင်ခဲ့သည်။

အဓိကတရားခံ ချိုးဖောက်သူများမှာ တရားမဝင်စစ်အုပ်စု၊ (ပျူစောထီးကဲ့သို့သော) ၎င်း၏ ပြည်သူ့စစ်များ၊ စစ်အုပ် စုမှခန့်ထားသော ရပ်ရွာလူကြီးများဖြစ်ပြီး တော်လှန်ရေးအဖွဲ့ဝင် အချို့နှင့် အရပ်သားများလည်း ကျူးလွန်ချိုးဖောက် သူများရှိနေသည်ကို ထောက်ပြထားသည်။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟုဆိုရာတွင် မုဒိမ်းကျင့်မှု၊ အုပ်စုလိုက်မုဒိမ်းကျင့်မှု၊ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးမှု (အွန်လိုင်းနှင့် မြေပြင်တွင်)၊ ကြောက်လန့်အောင်ခြောက်လှန့်မှု၊ နှိပ်စက်ညှဉ်းပန်းမှုနှင့် ခေါင်းပုံဖြတ် အမြတ်ထုတ်မှုစသည်ဖြင့် ပုံစံမျိုးစုံရှိသည်။ ထိုသို့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကျူးလွန်ချိုး ဖောက်ခံရသူများမှာ အမျိုးသမီးများ၊ မိန်းကလေးငယ် များ၊ သက်ကြီးရွယ်အိုများ၊ ဂျန်ဒါကွဲပြားခြားနားသူများနှင့် မသန်စွမ်းသူများဖြစ်ကြသည်။ ချိုးဖောက်ကျူးလွန်ခံ ရသူအား အပြစ်တင်ပြောဆိုခြင်း၊ အမည်းစက်စွန်း သွားသည်ဟု အရှက်ရအောင်ပယ်ထားခြင်းနှင့် ဆက်လက်ကာ ခြိမ်းခြောက်မှုများကြောင့် ရှင်သန်လွတ်မြောက်လာသူများမှာ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ အကျိုးဆက်များကို ရင်ဆိုင်ခံစား ကြရသည်ကို ထောက်ပြထားသည်။

တရားမဝင်စစ်အုပ်စု လွှမ်းမိုးထိန်းချုပ်ထားခြင်း၊ ယုံကြည်ကိုးစားဖွယ်ရာမဲ့သည့် တရားရေးစနစ်များ၊ အဆက်မ ပြတ်ဖြစ်ပွားနေသော ပဋိပက္ခနှင့် ပြစ်မှုကျူးလွန်သော်လည်း ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရနေခြင်းတို့ကြောင့် တရားမျှတမှုရရှိရေးမှာ အကန့်အသတ်များနှင့် လွှမ်းနေသည်။ ဥပဒေမူဘောင်များ၊ အဖွဲ့အစည်းများအတွင်း တာဝန်ယူတာဝန်ခံမှုများ အားနည်းနေ

သောကြောင့် တော်လှန်ရေးအဖွဲ့များအတွင်း တရားမျှတမှု ကြိုးပမ်းရာ၌လည်း အကန့်အသတ်များစွာရှိနေသည်။ အရပ်ဘက်အဖွဲ့အစည်းများမှာ လုံခြုံရေးအန္တရာယ်များ၊ ငွေကြေးအထောက်အကူမလုံ လောက်မှုများနှင့် အမှုများကောက်ယူမှတ်တမ်းတင်ချိန်တွင် အတားအဆီးအခက်အခဲများစွာကို ရင်ဆိုင်တွေ့ကြုံနေကြသည်ကို ဤအစီရင်ခံစာက တွေ့ရှိဖော်ထုတ်ထားသည်။

ဤအစီရင်ခံစာမှ ရှင်သန်လွတ်မြောက်လာသူအား အလေးထားသည့် အကာအကွယ်ပေးရေး၊ ထိ ရောက်သည့် တာဝန်ယူတာဝန်ခံမှုရှိရေး၊ ချမှတ်ထားသော ဥပဒေမူဘောင်များ ပိုမိုခိုင်မာလာစေရေး၊ အမျိုးသား ညီညွတ်ရေးအစိုးရ၊ တိုင်းရင်းသားလူမျိုးစုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် နိုင်ငံတကာရှိပါတနာများအကြား ဤအရေးကိစ္စအတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုကို အမြန်ဆုံးပြုလုပ်ဆောင်ရွက်ရန် တိုက်တွန်းထားသည်။

..........

# ၁။ နိဒါန်း

ဤဆန်းစစ်လေ့လာမှု၏ အဓိကရည်ရွယ်ချက်များမှာ (၁) မြန်မာနိုင်ငံအတွင်း ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု Conflict-Related Sexual Violence (CRSV) အခြေအနေများအား ခွဲခြမ်းစိတ်ဖြာနိုင်ရန်နှင့် ၎င်းနှင့်ဆက်စပ်ပြီး ရှင်သန်လွတ်မြောက်သူများ အပေါ် သက်ရောက်နေမှုနှင့် တရားမျှတမှု ရရှိရန်ကြိုးပမ်းရာတွင် ရှိနေသည့်စိန်ခေါ်မှုများကို မီးမောင်းထိုးပြနိုင်ရန်နှင့် (၂) ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ ရှင်သန်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးနေသောအဖွဲ့အစည်းများ ကြုံတွေ့ရသည့်စိန်ခေါ်မှု များ၊ ကန့် သတ်ချက်များကို လေ့လာဖော်ထုတ်ရန်နှင့် မြန်မာနိုင်ငံရှိ ပဋိပက္ခအခြေအနေ အတွင်း ဖြစ်နိုင်ချေရှိသော အရေးယူဆောင်ရွက်မှုများ၊ ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် အဆင့်များကို ရှာဖွေဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။ ဤအစီရင်ခံစာကို မြန်မာ့အမျိုးသမီးများသမဂ္ဂအဖွဲ့၏ သတ်မှတ် နယ်မြေ (၅) ခု ဖြစ်သည့် (စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသ ကြီးနှင့် ကရင်နီပြည်နယ်) အတွင်း၌ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်အကြား မှတ်တမ်းတင် ကောက်ယူထားသော ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အချက်အလက်များကို အဓိကထားကာ အလေးပေးဖော်ပြထားသည်။ မြန်မာ့ အမျိုးသမီးသမဂ္ဂသည် ပဋိပက္ခ ဖြစ်ပွားရာဒေသများရှိ အကြမ်းဖက်စစ်တပ်နှင့် ၎င်း၏ပြည်သူ့စစ် အဖွဲ့ဝင်များ၊ ပျူစောထီးအဖွဲ့များ၊ အကြမ်းဖက်စစ်တပ်မှ ခန့်အပ်ထားသော ကျေးရွာအုပ်ချုပ်ရေး မှူးများ၊ အရပ်သားများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်အချို့တို့မှ ကျူးလွန်ခဲ့သည့် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ် (၈၈) ခု ကို မှတ်တမ်းတင်နိုင်ခဲ့သည်။

ဤအစီရင်ခံစာအား အရည်အသွေးစံပြု သုတေသနနည်းလမ်းများ အသုံးပြု၍ အချက် အလက်များကို စုဆောင်း ထားပါသည်။ အဆိုပါနည်းလမ်းများတွင် ပဋိပက္ခနှင့်ဆက်နွယ်သောလိင် ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအတွင်းမှ ရှင်သန်လွတ်မြောက်လာသူများ၊ ၎င်းတို့၏မိသားစုဝင်များနှင့် မျက်မြင်သက်သေများအား နက်ရှိုင်းမှုရှိသည့် မေးမြန်း မှုများ in-depth interviews ကို တစ်စိတ် တစ်ပိုင်းဖွဲ့စည်းမှုနှင့် ချပေးထားသည့် မေးမြန်းမှုလမ်းညွှန်ချက်များ semi-structured interview guidelines ကိုအသုံးပြုကာ အချက်အလက်များကို ကောက်ခံထားသည်သာမက အချက်အလက်မှတ်တမ်းပြုစုခြင်းနှင့် ရှင်သန်လွတ်မြောက်လာသူများအား ဝန်ဆောင်မှုလုပ်ငန်း များပေးနေသော အဖွဲ့အစည်းများနှင့်လည်း ဦးတည်အုပ်စုဖွဲ့ဆွေးနွေးမှု focus group discussion နည်းကိုအသုံးပြုကာ တစ်ရက်တာ-အွန်လိုင်းပေါ်တွင် အချက်အလက်များ ကောက် ယူခဲ့ပါသည်။ ဤလေ့လာဆန်းစစ်မှု၏ တွေ့ရှိချက်များအရ ရှင်သန်လွတ်မြောက်လာသူများသည် လိင်အကြမ်း ဖက်မှုဖြစ်စဉ်များ မဖြစ်ပွားမီ၊ ဖြစ်ပွားနေစဉ်အတွင်းနှင့် ဖြစ်ပွားပြီးနောက်ပိုင်းတွင်လည်း ပြစ်မှု

ကျူးလွန်သူများမှ ကြောက်ရွံ့ထိတ်လန့်အောင် ပြုလုပ်ခံရခြင်း၊ ခြိမ်းခြောက်ခံရခြင်း များနှင့်ရင်ဆိုင်ရသည်ကို အတည်ပြုပေးခဲ့သည်။ ထို့အပြင်ရှင်သန်လွတ်မြောက်လာသူများသာမက ၎င်းတို့၏မိသားစုဝင်များသည်လည်း စိတ်ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုများ၊ အသက်မွေး ဝမ်းကျောင်းမှုဆုံးရှုံးရမှုများနှင့် ရှင်သန်လွတ်မြောက်လာသူများကို အပြစ်တင်ပြောဆိုခြင်း (victim blaming) ကဲ့သို့သော ဆိုးကျိုးသက်ရောက်မှုများစွာ ကြုံတွေ့ခံစားနေကြရသည်။ ကျူးလွန်သူများသည် တရားမဝင်အကြမ်းဖက်စစ်တပ်နှင့် ၎င်း၏ပြည်သူ့စစ် အဖွဲ့ဖြစ်သော ပျူစောထီးများ၊ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့များနှင့် သြဇာအာဏာရှိသူများဖြစ်နေပေရာ ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုရရှိရန်မှာ အလှမ်းဝေးနေဆဲဖြစ်သည်။

# ၂။ မြန်မာနိုင်ငံရှိ လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု အခြေအနေ အကြောင်းအရာ

## ၂.၁။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်

ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအစီရင်ခံစာအရ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဆိုသည်မှာ ပဋိပက္ခတစ်ခုနှင့် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဆက်စပ်မှုရှိနေသည့်အနေအထား၌ အမျိုးသမီးများ၊ အမျိုးသားများ၊ မိန်းကလေးငယ် များ(သို့မဟုတ်) ယောကျာ်း(ကလေးများ) အပေါ်ကျူးလွန်သည့် မုဒိမ်းကျင့်မှု၊ လိင်ကျွန်ပြုမှု၊ အတင်းအဓမ္မပြည့်တန်ဆာ ပြုခိုင်းစေမှု၊ အတင်းအဓမ္မကိုယ်ဝန်ဆောင်စေမှု၊ အတင်းအဓမ္မကိုယ်ဝန်ဖျက်ချခိုင်းမှု၊ အတင်းအဓမ္မသားကြောဖြတ်ခိုင်းမှု၊ အတင်းအဓမ္မထိမ်းမြားလက်ထပ်စေမှုနှင့် အလားတူပြင်းထန်သောအခြား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ရည်ညွှန်းပါသည်။[1] တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ရှိနေသည့် အဆိုပါ ဆက်စပ်မှုဆိုသည်မှာလည်း ကျူးလွန်သူမည်သူမည်ဝါဖြစ်သည့်အချက်တွင် ထင်ရှားနေပြီး ၎င်းတို့သည် မကြာခဏဆိုသလို စစ်တပ်နှင့် (သို့မဟုတ်) စစ်တပ်မဟုတ်သည့် အခြားအသင်းအဖွဲ့များနှင့် ပတ်သက်နေသူများ ဖြစ်သောကြောင့်ပင်။

ဤသုတေသနစာစောင်၌ ဖော်ပြထားသည့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုသည်မှာ ပဋိပက္ခဖြစ်ပွားနေသည့် အနေအထားများအတွင်း အင်တာနက်/လိုင်းပေါ်မှဖြစ်စေ၊ လိုင်းပေါ်မှမဟုတ်သည့် အနေ အထား မြေပြင်တွင်ဖြစ်စေ online and offline နှစ်မျိုးစလုံး၌ဖြစ်ပွားသော မုဒိမ်းကျင့်မှု၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုအပါအဝင်၊ မုဒိမ်းကျင့်ရန်ကြိုးပမ်းမှု၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုနှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက် ရောက် အနှောင့်အယှက်ပေးမှုများကို ရည်ညွှန်းသည်။ ထိုလုပ်ရပ်များသည် ပဋိပက္ခနှင့် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ဆက်စပ်နေပြီး အထူးသဖြင့် မိန်းကလေးငယ်များ၊ အမျိုးသမီးများနှင့် လိင်စိတ်ခံယူမှု ကွဲပြားသူများ သည် အကြမ်းဖက်ခံရသူများ ဖြစ်လေ့ရှိကြသည်။ ကျူးလွန်သူများမှာ လက်နက်ကိုင် အဖွဲ့အစည်းမှလူများ၊ လက် နက်ကိုင်သူများဖြစ်ကြပြီး ၎င်းတို့သည် (တရားမဝင်စစ်ကောင်စီ၊ ၎င်းတို့နှင့်ပတ်သက်နေသော အာဏာရှိသူ အရပ် သားများ၊ ဥပမာ - ပျူစောထီး၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ အကြမ်းဖက်စစ်တပ်နှင့် ဆက်ဆံရေးကောင်းသော ဩဇာအာဏာရှိသူများ၊ တော်လှန်ရေးအဖွဲ့များ) အပြင် အရပ်သားများလည်းပါဝင်ပေသည်။ ၎င်းတို့အနက် အချို့ကျူးလွန်သူများသည် ပဋိပက္ခဒေသအတွင်းရှိ တော်လှန်ရေးအား ထောက်ခံအားပေးသူများလည်း ပါဝင်နေကြောင်း လေ့လာတွေ့ရှိရသည်။

1 United Nations (2019). Conflict related sexual violence report of the United Nations Secretary General. Retrieved from https://www.un.org/sexualviolenceinconflict/wp-content/uploads/2020/07/report/conflict-related-sexual-violence-report-of-the-united-nations-secretary-general/2019-SG-Report.pdf

## ၂။ ၂။ အကြမ်းဖက်စစ်တပ် အာဏာသိမ်းရန်ကြိုးပမ်းမှုမပြုခင် ဖြစ်ပွားခဲ့သည့် ပဋိပက္ခ နှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေများ

မြန်မာနိုင်ငံသည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လူမျိုးစု/တိုင်းရင်းသားများ တန်းတူညီမျှမှုရှိရေး အတွက် ကြိုးပမ်းနေကြ သော တော်လှန်ရေးအဖွဲ့အစည်းများနှင့် တရားမဝင် အကြမ်းဖက်စစ်အုပ်စု တို့အကြား ကာလရှည်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေသည့်နိုင်ငံဖြစ်သည်။ ဤပဋိပက္ခ များအတွင်းတွင် တရားမဝင်အကြမ်းဖက်စစ်တပ် သည်ကြီးလေးသော လူ့အခွင့်အရေးချိုးဖောက်မှု များဖြစ်သည့် လူသတ်မှု (အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု များအပါအဝင်)၊ ဥပဒေမဲ့ဖမ်းဆီးမှုများ၊ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုများ၊ အမျိုးသမီးနှင့် မိန်းကလေး ငယ်များအား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများ၊ လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ၊ အဓမ္မပြန်ပေး ဆွဲမှု များနှင့် အခြားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပုံစံအမျိုးမျိုးတို့ကို ကျူးလွန်နေခဲ့သည်။ တရားမဝင်အကြမ်း ဖက်စစ်အုပ်စုသည် မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ် လက်နက်သဖွယ် ကာလရှည်ကြာစွာ အသုံးပြုနေသော်ငြား အရေးယူခြင်းမခံရဘဲ ပြစ်ဒဏ်ကင်း လွတ်ခွင့်ရနေသည့် မှတ်တမ်းမှတ်ရာ မြောက်များ စွာရှိပြီး အထူးသဖြင့် လူမျိုးစု/တိုင်းရင်းသား ဒေသများတွင် ဆယ်စုနှစ်နှင့်ချီ၍ ဤသို့သောပြစ်မှုများကို ကျူးလွန်နေကြခြင်းဖြစ်သည်။

ရှမ်းပြည်နယ်တွင် စစ်တပ်ပြုလုပ်ခဲ့သော “ဖြတ်လေးဖြတ်စစ်ဆင်ရေး” ကာလအတွင်း အမျိုးသမီးနှင့် မိန်းကလေးငယ်များအား မုဒိမ်းကျင့်မှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အမျိုးမျိုး ကျူးလွန်ခဲ့ကြသည်ကို ရှမ်းလူ့အခွင့် အရေးဖောင်ဒေးရှင်း Shan Human Rights Foundation (SHRF) နှင့် ရှမ်းအမျိုး သမီးအရေး ဆက်သွယ်လှုပ်ရှား ဆောင်ရွက်ရေးအသင်း Shan Women's Action Network (SWAN) တို့၏ “မုဒိမ်းကျင့်ခွင့်ရလိုင်စင်” ဟူသည့် အစီရင်ခံစာအရ ၁၉၉၆ ခုနှစ်မှ ၂၀၀၀ ခုနှစ်အတွင်း မုဒိမ်းကျင့်မှုအပါအဝင် အခြားသော လိင်ပိုင်း ဆိုင်ရာအကြမ်း ဖက်မှု (၁၇၃) မှုကို ကျူးလွန်ခဲ့ကြောင်း ဖော်ပြထားခဲ့ဖူးသည်။[2] အဆိုပါအစီရင်ခံစာသည် ရှမ်းပြည် နယ်အတွင်းတွင် စစ်တပ်မှကျူးလွန်ခဲ့သော လိင်အကြမ်းဖက်မှုများကိုသာ ဖော်ပြခဲ့ခြင်းဖြစ်သည်။ အခြားသော လူမျိုးစုဒေသများနှင့် ပဋိပက္ခဖြစ်ပွားနေသော ဒေသများဖြစ်ကြသည့် ကချင်၊ ချင်း၊ မွန်ပြည်နယ်တို့တွင်လည်း ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မှတ်တမ်းများ၊ အစီရင်ခံစာများကိုလည်း ရေးသားဖော်ထုတ်ခဲ့ဖူးကြသည်။

တရားမဝင်အကြမ်းဖက်စစ်တပ်သည် ပဋိပက္ခဖြစ်ပွားတိုင်း အမျိုးသမီးနှင့် မိန်းကလေး ငယ်များအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စစ်လက်နက်အဖြစ် စနစ်တကျအသုံးပြု ကျူးလွန်လျက်ရှိသည်။ အမျိုး သမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) Women's League of Burma (WLB) ၏ ၂၀၁၄ ခုနှစ်တွင် ထုတ်ပြန်ခဲ့သည့် “ဤပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် ဤအချိုးဤစနစ်များ” Same Impunity, Same Patterns ဟူသည့် အစီရင်ခံစာတွင် ဦးသိန်းစိန်၏ အရပ်သားယောင် ဆောင် စစ်အစိုးရလက်ထက်၌ ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု (၁၀၄) မှုကို အစီရင်ခံ တင်ပြထားသည်။ သို့သော်လည်း ဤအစီရင်ခံစာသည် နိုင်ငံတစ်ဝန်းလုံး၌ဖြစ်ပွားခဲ့သော လိင်အ

2 Shan Human Rights Organization (2021). Executive summary of license to rape. Retrieved from https://shanhumanrights.org/wp-content/uploads/2021/02/Licence_to_rape-English.pdf

ကြမ်းဖက်မှုအားလုံးကို ထုတ်ဖော်ရေးသားနိုင်မှု မရှိခဲ့သည့်အပြင် လုံခြုံရေးဆိုင်ရာစိုးရိမ်မှုများနှင့် အမြစ်တွယ်နေသော ယဉ်ကျေးမှုဓလေ့ ထုံးတမ်းများအရ လူမှုအသိုင်းအဝိုင်း၏ ကဲ့ရဲ့အပြစ်တင်မှုကို ကြောက်ရွံ့ကြသောကြောင့် ကျူးလွန်ခံရသော်လည်း သတင်းပို့တိုင်ကြားခြင်း အတိနည်းခဲ့သည်။[3]

ထင်ရှားသောဖြစ်ရပ်တစ်ခုမှာ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၉) ရက် နေ့တွင် ကချင်လူငယ် စေတနာ့ဝန်ထမ်းဆရာမနှစ်ဦးအား ရှမ်းပြည်နယ်မြောက်ပိုင်း၌ အကြမ်းဖက်စစ်တပ်က ပြင်းပြင်း ထန်ထန် ညှဉ်းပန်းနှိပ်စက်၊ အုပ်စုလိုက်မုဒိမ်းကျင့်ပြီးနောက် ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြခြင်းဖြစ်သည်။ဘာသာရေးခေါင်းဆောင်များ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် အမျိုးသမီးအဖွဲ့များက ရှင်သန်လွတ်မြောက် လာသူများနှင့် ၎င်းတို့၏မိသားစုများအတွက် တရားမျှတမှုရရှိရေး၊ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ပေးရေးအတွက် ထိုစဉ်က သမ္မတထံ အသနားခံပန်ကြားစာများ ပေးပို့ပန်ကြားခဲ့သော်လည်း အရပ်သားယောင်ဆောင်ထားသည့် ထိုအချိန်ကစစ်အစိုးရသည် ယင်းကြိုးပမ်းမှုများကို ပိတ်ပင်ဟန့်တားခဲ့သည်။ ယခုအခါ ဆယ်စုနှစ်တစ်စု ကျော်လာပြီဖြစ်သော်လည်း ပြစ်မှုကျူးလွန်သူ ရာဇဝတ်သားများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ကို ဆက်လက်စံစား လျက်ရှိသည်။[4]

၂၀၁၇ ခုနှစ်တွင်ဖြစ်ပွားခဲ့သည့် ရိုဟင်ဂျာအရေးသည် တရားမဝင်အကြမ်းဖက်စစ်အုပ်စု၏ အဆိုးရွားဆုံးသော ပြစ်မှုကျူးလွန်မှုများထဲမှ ကျူးလွန်မှုတစ်ခုဖြစ်ပြီး ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာအသိုင်းအဝန်းအပေါ် လူမျိုးတုံးသတ်ဖြတ်သည့် စစ်ဆင်ရေးကို ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ထိုလူမျိုးတုံးသတ်ဖြတ်မှုကြောင့် ရိုဟင်ဂျာ ၈၀၀,၀၀၀ (ရှစ်သိန်း) ကျော်သည် အိမ်နီးချင်းနိုင်ငံ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခိုလှုံခဲ့ကြရသည်။ တရားမဝင် အကြမ်းဖက်စစ်အုပ်စု၏ စစ်သားများနှင့် နယ်ခြားစောင့်ရဲများသည် ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးငယ် ရာပေါင်းများစွာကိုပစ်မှတ်ထားကာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခဲ့ကြသည်။ ဤလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အများပြည်သူရှေ့၊ ထိုအမျိုးသမီး/မိန်းကလေးငယ်များ၏ မိသားစုဝင်နှင့် ကလေးငယ်များရှေ့၌ပင် နေအိမ်များ၊ တရားမဝင် အကြမ်းဖက်စစ်အုပ်စု၏ အကျဉ်းစခန်းစသည့်နေရာများတွင် ပေါ်ပေါ်တင်တင် ကျူးလွန်ခဲ့ကြသည်။ ထိုလိင်အကြမ်းဖက်မှု ဖြစ်စဉ်အများစုတွင် ကျူးလွန်သူ အကြမ်းဖက် စစ်သားများက သေနတ်ဒင်ဖြင့် ထုနှက်ခြင်း၊ တုတ်၊ ဝါးယားကြိုးများဖြင့် ရိုက်နှက်ခြင်း အပါအဝင် ဗိုက်နှင့် ဦးခေါင်း ကိုခြေထောက်ဖြင့်ကန်ခြင်းကဲ့သို့သော ကိုယ်ထိလက်ရောက် အနာတရပြုခြင်းများ ပါဝင်သည်။ ကျူးလွန်သူများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်အများအပြားကို မုဒိမ်းကျင့်ပြီးနောက် သတ်ဖြတ်ခဲ့ကြသည်။[5]

3 Women's League of Burma (2014). Same Impunity Same Pattern. Retrieved from https://www.womenofburma.org/sites/default/files/2018-06/2014_Jan_SameImpunitySamePattern_English-final.pdf.
4 Kachinwaves (2023). ကချင်ကျောင်းဆရာမ ၂ ဦး မုဒိမ်းကျင့်သတ်ဖြတ်ခံရမှု (၈)နှစ်ပြည့် နှစ်ပတ်လည်နေ့တွင် စစ်ကောင်စီတပ်ထိပ်ပိုင်းစစ်ခေါင်းဆောင်များကို အရေးယူနိုင်ရေးအတွက် စုပေါင်းကြိုးပမ်းကြရန် ကချင်အမျိုးသမီးအဖွဲ့ (၁၄) ဖွဲ့က သဘောထားထုတ်ပြန်တိုက်တွန်း။ Retrieved from https://www.facebook.com/kachinwavesnews/posts/ကချင်ကျောင်းဆရာမ-၂-ဦး-မုဒိမ်းကျင့်သတ်ဖြတ်ခံရမှု-၈နှစ်ပြည့်-နှစ်ပတ်လည်နေ့တွင်-စစ်/6217327104947016/

5 Human Rights Council (2019). Sexual gender-based violence in Myanmar and gendered impact on its ethnic conflicts. Retrieved from https://www.ohchr.org/sites/default/files/Documents/HRBodies/HRCouncil/FFM-Myanmar/sexualviolence/A_HRC_CRP_4.pdf

ပဋိပက္ခအခြေအနေများအတွင်း တရားမျှတမှုရရှိရန် ကြိုးပမ်းကြသည့် သမိုင်းစဉ်တလျှောက် ပဋိပက္ခနှင့် ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ခံရသူများနှင့် ရှင်သန်လွတ် မြောက်လာသူများမှာ သိသာထင်ရှားသည့် စိန်ခေါ်မှုများနှင့် ကြုံတွေ့ကြရလေ့ရှိသည်။ ပြစ်မှုကျူးလွန်သူများ အထူးသဖြင့် လက်နက်ကိုင် အဖွဲ့မှကျူးလွန်သူများသည် ၎င်းတို့၏ အကြမ်းဖက်မှုများအား တိုင်ကြားခြင်းမပြုနိုင်အောင် မကြာခဏ အကြမ်းဖက်ခံရသူများ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် ရပ်ရွာလူထုအား ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်းနှင့် တိုင်ကြားပါက လက်စားချေတုံ့ပြန်ခြင်းများ ပြုလုပ်လေ့ရှိသည်။ ဤအချက်သည်ပင် ရှင်သန်လွတ် မြောက်လာ သူများတရားမျှတမှုရရှိရေး အတွက် အဓိကအဟန့်အတားတစ်ခု ဖြစ်နေသည်။ တစ်ချိန်တည်းမှာပင် ပြစ်မှုကျူးလွန်သူများအနေဖြင့် ဒဏ်ခတ်မခံရဘဲ အပြစ်ကင်းလွတ်ခွင့်ရရှိနေခြင်းက အပြစ်ကင်းလွတ်မှုကို ပိုအမြစ်တွယ်လာစေသည်သာမက ပဋိပက္ခဖြစ်ပွားရာနေရာများနှင့် အခြားတိုင်းရင်းသားဒေသများတွင်ပါ လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုကို ဆက်လက်ကျူးလွန်နိုင်အောင် ထောက်ကူပေးနေသည်။

## ၂၊ ၃။ ၂၀၂၁ အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း ပဋိပက္ခနှင့် ဆက်နွှယ် သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအခြေအနေ

သမိုင်းတလျှောက် တရားမဝင်အကြမ်းဖက်စစ်အုပ်စုသည် လူမျိုးစု/တိုင်းရင်းသားဒေသများနှင့် ပဋိပက္ခဒေသများတွင် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို စနစ်တကျ ကျူးလွန်နေခဲ့ရာ၌ အထူးသဖြင့် လူမျိုးစု/တိုင်းရင်းသားလူနည်းစုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ပစ်မှတ်ထား ကျူးလွန်ကြခြင်းဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သည့် လေးနှစ်တာကာလအတွင်း တရားမဝင်အကြမ်း ဖက်အာဏာသိမ်းစစ်အုပ်စု ကျူးလွန်ခဲ့သည့် ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများသည် တစ်နိုင်ငံလုံး၌ ပျံ့နှံ့လာသည်။ ၂၀၂၁ ခုနှစ် တရားမဝင်အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်း မှုနောက်ပိုင်း အမျိုးသမီးနှင့် မိန်းကလေး ငယ်သာမက အခြားဂျဲန်ဒါခံယူထားသူများပါ ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အန္တရာယ်ပြု ခံနိုင်ရချေရှိသောကြောင့် ဘေးကင်းမှုအလျဉ်းမရှိကြတော့ပေ။ တရားမဝင်အကြမ်းဖက်စစ်အုပ်စုသည် ရဲစခန်းများ၊ အကျဉ်းထောင်များ၊ စစ်ကြောရေး၊ ထိန်းသိမ်းရေး စခန်းများနှင့် စစ်ဆေးရေးဂိတ်များအပါအဝင် နေရာအနှံ့အပြား၌ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ပုံမှန်ကျူးလွန်လျက်ရှိသည်။ ဥပဒေမဲ့ဖမ်းဆီးခြင်း၊ လိင်ပိုင်းဆိုင်ရာစော်ကားခြင်း၊ မုဒိမ်းကျင့်ခြင်း၊ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ အဝတ်မဲ့လက်ထပ်ထိမ်းမြားခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် သတ်ဖြတ်ခြင်းများသည် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျူးလွန်နေသောကြောင့် ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများနှင့် ကြုံတွေ့ရနိုင်ခြေ အမြင့်ဆုံးအဆင့်သို့ ရောက်ရှိနေပေသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) အဆိုအရ စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်များနှင့် အကြောင်းတရားများသည် သိသိသာသာ မြင့်တက်လာသည်ဟုဆိုသည်။ အမျိုးသမီးများအဖွဲ့ချုပ် (မြန်မာနိုင်ငံ) သည် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ၂၀၂၄ ခုနှစ်၊ ဇွန်လအထိ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ကိုယ်

ထိလက်ရောက်ကျူးလွန်မှု စုစုပေါင်း (၄၉၂) မှုကို မှတ်တမ်းတင်ခဲ့သည်။ အဆိုပါကျူးလွန်မှုများ အနက် မုဒိမ်းကျင့်ယုံတင်သာမက သတ်ဖြတ်ခြင်းကိုခံခဲ့ရသော အမျိုးသမီးများမှာ အနည်းဆုံး (၁၃) ဦးရှိသည်ဟု မှတ်တမ်း တင်ခဲ့သည်။[6]

တရားမဝင် အကြမ်းဖက်စစ်အုပ်စု၏ အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းမှစ၍ အမျိုးသားညီညွတ် ရေးအစိုးရ (NUG) က မြေပြင်တွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို မှတ်တမ်းတင်နိုင်ရန် အမျိုးသမီး ၃,၀၀၀ ကို သင်တန်းပေးခဲ့သည်။ အမျိုးသား ညီညွတ်ရေးအစိုးရသည် ၂၀၂၂ ခုနှစ်နှင့် ၂၀၂၃ ခုနှစ် ဇွန်လကြား ဖြစ်ပွားခဲ့သော ပဋိပက္ခနှင့်ဆက်နွယ် သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု (၁၀၃) မှုကို မှတ်တမ်းတင်ထားနိုင်ခဲ့သော်လည်း အချို့သော ဖြစ်စဉ်များတွင် ကျူးလွန်ခံရသူများစွာရှိနိုင်ပြီး အမှုမြောက်မြားစွာ တိုင်ကြားလာခြင်းမရှိသော ကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အရေအတွက်သည် မှတ်တမ်းတင်ထားနိုင်သည့် အရေ အတွက်ထက် ပိုမိုများပြားနိုင်သည်ဟုဆိုထားသည်။[7] ကုလသမဂ္ဂဆိုင်ရာ အထူးကိုယ်စားလှယ်က ၂၀၂၄ ခုနှစ် ဇူလိုင်လ၌ လူ့အခွင့်အရေးကောင်စီသို့တင်ပြခဲ့သော မြန်မာနိုင်ငံ၏ လူ့အခွင့်အရေး အခြေအနေအစီရင်ခံစာတွင် အကြမ်းဖက်စစ်အာဏာ သိမ်းမှုနောက်ပိုင်း နိုင်ငံတဝန်းရှိ အမျိုးသမီး များ၊ မိန်းကလေးငယ်များ၊ လိင်စိတ်ခံယူမှုကွဲပြားသူများနှင့် လူတစ်ဦး ချင်းစီအတွက် လိင်ပိုင်း ဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုသည် ကြီးမားသောပြဿနာဖြစ်ကြောင်း ဖော်ပြခဲ့သည်။ သို့သော်လည်း တရားမဝင် အကြမ်းဖက်အာဏာသိမ်းစစ်အုပ်စုသည် ၎င်းတို့ ထိန်းချုပ်ထားသော နယ်မြေများတွင် ဥပဒေနှင့် တရားစီရင်ရေးစနစ်ကို လက်နက်သဖွယ်အသုံးပြုနေခြင်းကြောင့် ကျူး လွန် ံရသူများသည် တရားမျှတမှုနှင့် အထောက်အပံ့များရရှိရေး၌ စိန်ခေါ်မှုများစွာနှင့် ရင်ဆိုင်နေ ကြရသလို တချိန်တည်းမှာပင် တော်လှန်ရေး တပ်ဖွဲ့များ ထိန်းချုပ်ထားသော လွတ်မြောက်နယ်မြေ များရှိ တရားစီရင်ရေးစနစ်များမှာလည်း သေသေချာချာ လည်ပတ်နိုင်ရန် လိုအပ်ချက်များ (သို့မဟုတ်) အားနည်းချက်များစွာ ရှိနေဆဲဖြစ်သည်။

မြန်မာနိုင်ငံတွင် အကြမ်းဖက်စစ်အုပ်စုများ အဆက်ဆက်အုပ်ချုပ်ခဲ့သည့် လွန်ခဲ့သော ဆယ်စုနှစ်များစွာအတွင်း လွတ်လပ်၍ဘက်မလိုက်သော ထိရောက်သည့် တရားစီရင်ရေးစနစ်တ ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက် ခြင်း အလျဉ်းမရှိခဲ့ပေ။ သို့ဆိုပေရာ လတ်တလော မြန်မာနိုင်ငံအခြေအနေအတွင်း ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ အသက် ရှင်ကျန်ရစ်သူများနှင့် ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရရှိရေးမှာ တိုင်းပြည်အနှံ့ဖြစ်ပွား နေသော အဂတိလိုက်စားမှုများနှင့် ပြည်နှက်နေသည့် တရားစီရင်ရေးစနစ်ကိုပင် အသုံးပြုရန်မှာ လုံးဝမဖြစ်နိုင်သော အခြေအနေဖြစ်နေပေရာ ပြစ်မှုကျူးလွန်သူများသည် ပြစ်ဒဏ်ပေးခံရမှုမှ ကင်းလွတ်ခွင့် အပြည့်အဝရနေကာ ၎င်းရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်နိုင်စွမ်း ရှိနေခြင်း ဖြစ်သည်။

6 Radio Free Asia (2024). Nearly 500 cases of sexual assault against women in Myanmar's conflict. Retrieved from

https://www.rfa.org/english myanmar/2024/11/06/myanmar-women-sexual-assault/

7 Women Peace and Security Helpdesk (2023). Conflict-related sexual violence in Myanmar: barriers to and prospects for accessing international justice. Retrieved from
https://wpshelpdesk.org/wp-content/uploads/2023/10/WPS038-CRSV-in-Myanmar_complete-draft_FINAL.pdf

မြန်မာနိုင်ငံတွင် ဒေသတွင်းတရားစီရင်ရေးစနစ်နှင့် ယန္တရားများ မထူထောင်နိုင်ခြင်း (သို့မဟုတ်) အသက်ဝင်မှု မရှိခြင်း (သို့မဟုတ်) တော်လှန်ရေးအဖွဲ့အချို့သည် ချမှတ်ထားသည့် ကျင့်ဝတ်စည်းကမ်းများကို လိုက်နာရန် ဆောင်ရွက်ရာတွင် အားနည်းနေခြင်းတို့ကြောင့် အချို့ နေရာဒေသများတွင် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများနှင့်ပတ်သက်ပါက တရားမဝင်အကြမ်းဖက်စစ်တပ်အပြင် တော်လှန်ရေးအဖွဲ့အချို့သည်လည်း တာဝန်ရှိနေကြောင်း တွေ့ရသည်။[8] လက်နက်ကိုင်ပဋိပက္ခများ ပိုကျယ်ပြန့်ပြီး ပြင်းထန်လာသည်နှင့်အမျှ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များသည် တရားမဝင်အကြမ်းဖက်စစ်တပ်နှင့် အချို့သောတော် လှန်ရေး အဖွဲ့ များ၏ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရနိုင်ချေ ရောက်ရှိနေသည်။ မြန်မာနိုင်ငံ အလယ်ပိုင်း ဒေသ များဖြစ် သည့် (စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီး) များတွင် တရားမဝင် အကြမ်းဖက် စစ်တပ်ကိုခုခံတော်လှန်ရန် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များကိုဖွဲ့စည်းခဲ့၍ လက်နက်ကိုင်တော် လှန်ရေး ဆင်နွှဲလျက်ရှိကြသည်။ ၎င်းဒေသများတွင် တိုက်ပွဲများ ဆက်လက်ပြင်းထန်လျက်ရှိပြီး တော်လှန်ရေးတပ်ဖွဲ့ များမှ နယ် မြေဒေသများစွာ ကိုသိမ်းပိုက်ရရှိထားပြီးလည်း ဖြစ်သည်။

မြန်မာ့ငြိမ်းချမ်းရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ Myanmar Peace Monitor မှ ရရှိသည့်အချက် အလက်များအရ တိုင်းရင်းသားလူမျိုးစု တော်လှန်ရေးအဖွဲ့အစည်းများနှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များသည် မြို့ပေါင်း (၉၇) မြို့ကို တိုက်ခိုက်သိမ်းယူ (သို့မဟုတ်) ပြန်လည်သိမ်းယူထားနိုင်ခဲ့ပြီးဖြစ်သည်။[9] ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် အကြမ်း ဖက်စစ်အုပ်စုသည် ၎င်းတို့ ကောက်ယူခဲ့သော လူဦးရေသန်းခေါင်စာရင်း၏ ပဏာမအစီရင်ခံစာကို ထုတ်ပြန်ရာ၌ နိုင်ငံတစ်ဝန်းလုံးရှိမြို့နယ် (၃၃၀) အနက် (၁၄၅) မြို့နယ်၌သာ အချက်အလက်များ ကောက်ယူနိုင်ခဲ့ကြောင်း ဖော်ပြထားသည်။ ဤအချက်သည်ပင် အကြမ်းဖက်စစ်အုပ်စု၏ကျရှုံးမှုနှင့် နယ်မြေထိန်းချုပ်နိုင်မှု အကန့်အသတ်ရှိနေသည်ကို ရှင်းလင်းစွာ ထင်ဟပ်ဖော်ပြလျက်ရှိသည်။[10] အခြားတဖက်၌ စိုးရိမ်ဖွယ်ရာဖြစ်လာသည်မှာ တရားမဝင်အကြမ်းဖက်စစ်တပ်ထံမှ မကြာသေးမီက သိမ်းပိုက်ရရှိခဲ့သော လွတ်မြောက်နယ်မြေများတွင် ပဋိပက္ခနှင့်ဆက် နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုများ ပိုမိုများပြားလာသည်ဟု သတင်းများ ထွက်ပေါ်လျက်ရှိခြင်းပင်။ ဥပမာအားဖြင့် - အညာဒေသ ဖြစ်သော (စစ်ကိုင်း၊ မကွေးနှင့် မန္တလေးတိုင်းဒေသကြီး) အတွင်းရှိ အချို့သော တော်လှန် ရေးအဖွဲ့များက ပဋိပက္ခနှင့်ဆက်နွှယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်ခဲ့သည့် အဖြစ်အပျက်များရှိနေသည်။ တရားမဝင် အကြမ်းဖက်စစ်အာဏာရှင်စနစ်ကို အဆုံးသတ်ကာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံ ထူထောင်ရန် တိုက်ပွဲဝင်နေသော တော်လှန်ရေးအဖွဲ့အစည်းများက ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအ ကြမ်းဖက် မှုများကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းခြင်း မရှိသေးသည်ကို အထူးစိုးရိမ်ဖွယ်ရာတွေ့ရသည်။ တော်လှန်ရေးအင်အားစုများအနေဖြင့် နိုင်ငံတကာစံချိန်စံညွှန်းများကို ထိန်းသိမ်းလိုက်နာခြင်းနှင့် အကောင်အထည် ဖော်ကျင့်သုံးခြင်း၊ ဥပဒေနှင့် မူဝါဒများကို

8 Human Rights Council (2024). Courage amid crisis: gendered impacts of the coup and the pursuit of gender equality in Myanmar. Retrieved from https://www.ohchr.org/sites/default/files/documents/hrbodies/hrcouncil/sessions-regular/session56/a-hrc-56-crp-8.pdf

9 Myanmar Peace Monitor (2024). 97 towns captured and controlled by revolutionary forces. Retrieved from https://www.facebook.com/mmpeacemonitor/posts/1047690740795199?ref=embed_post.

10 The Irrawaddy (2025). Half of the country's territory is not included in the military junta's census. Retrieved from https://burma.irrawaddy.com/news/2025/01/04/395411.html

ပြဋ္ဌာန်းခြင်း (သို့မဟုတ်) အကောင်အထည်ဖော် ဆောင်ရွက်ခြင်းများဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများကို ထိရောက်စွာအရေးယူရန်မှာ အလွန်ပင် အရေးကြီးလှသည်။

# ၃။ သုတေသနနည်းလမ်းများ

## ၃၊ ၁။ သုတေသနနည်းစနစ်

ဤလေ့လာမှုတွင် အချက်အလက်စုဆောင်းရာ၌ အရည်အသွေးဆိုင်ရာ သုတေသနနည်းလမ်း Qualitative Research Methods ကို အသုံးပြုခဲ့ပါသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂသည် ဤသုတေသနပြုရာတွင် မူရင်းအချက်အလက်နှင့် ဆင့်ပွားအချက်အလက်ကို ခွဲခြမ်းစိတ်ဖြာရာ၌ အများပြည်သူရရှိနိုင်သော အချက်အလက်များ စုဆောင်းခြင်း၊ ခွဲခြမ်းစိတ်ဖြာခြင်းနှင့် ယုံကြည်စိတ်ချရသော ပြည်တွင်းမီဒီယာများမှ သတင်းဖော်ပြမှုများကို စောင့်ကြည့်လေ့လာကာ အချက်အလက်များ စုဆောင်းရယူခဲ့ခြင်းဖြစ်သည်။ စုဆောင်းရယူခဲ့သော မူရင်းအချက်အလက်များတွင် အဓိကအားဖြင့် အချက်နှစ်မျိုးပါဝင်သည်။ ၎င်းတို့မှာ – (၁) မိမိတို့ သတ်မှတ်ထားသည့် ဦးတည်နယ်မြေ (၅) နေရာဖြစ်သည့် (စစ်ကိုင်း၊ ရောဝတီ၊ ပဲခူး၊ မကွေးတိုင်းဒေသကြီးများနှင့် ကရင်နီပြည်နယ်) တို့မှ ပဋိပက္ခနှင့် ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်စဉ်မှတ်တမ်းများ၊ (၂) ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက် လာသူများနှင့် အနီးကပ်လုပ် ကိုင်နေသော အဖွဲ့အစည်းများနှင့် တွေ့ဆုံမေးမြန်းမှုများမှရရှိသည့် အချက်အလက်များအပေါ် အခြေခံကာ ကောက်ယူခဲ့ခြင်းဖြစ်သည်။

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်သည့်အမှုများ မှတ်တမ်းယူနိုင်ရန်အတွက် မြန်မာ့အမျိုးသမီးသမဂ္ဂသည် မေးမြန်းမှု လမ်းညွှန်ချက်ကို မြန်မာဘာသာဖြင့်ပြင်ဆင်ခဲ့ပြီး ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပတ်သက်၍ ကောင်းစွာလေ့လာသင်ယူထားသော ကွင်းဆင်းအချက်အလက် စုဆောင်းသူများက ထိုလမ်းညွှန်ချက် များကိုအခြေခံကာ ကောက်ယူခဲ့ကြခြင်းဖြစ်သည်။ အချက်အလက်ကောက်ယူသူများသည် မြန်မာ့အမျိုးသမီး သမဂ္ဂ၏ ကြီးကြပ်မှုအောက်တွင် မေးမြန်းမှုလမ်းညွှန်များကို ရှင်သန်လွတ် မြောက်လာ သူများနှင့် ၎င်းတို့၏မိသား စုများ၊ မျက်မြင်သက်သေများနှင့် ယုံကြည်မှုတည်ဆောက်သည့်အနေဖြင့် အလွတ် သဘော စကားစမြည်ပြောကာ အစမ်းမေးမြန်းမှု ပြုလုပ်ခဲ့ကြသည်။ အချက်အလက်ကောက်ယူသည့်အခါ ကောက်ယူသူများသည် ပါဝင်ဖြေဆိုပေး သူများထံမှ အသိပေးသဘောတူညီမှုကို လက်မှတ်ရေးထိုးခြင်း (သို့မဟုတ်) နှုတ်ဖြင့်သဘောတူညီချက်ရယူခြင်းတို့ ဖြင့် ပြုလုပ်ခဲ့သည်။

ပါဝင်ဖြေဆိုပေးသူများအနေဖြင့် အကြောင်းပြချက်တစုံတရာမရှိဘဲ မေးမြန်းမှုမှ ထွက်ပိုင်ခွင့်ရှိကြောင်းနှင့် ဖြေဆိုရန်အတွက် စိတ်မသက်မသာဖြစ်နိုင်သည့် မည်သည့်မေးခွန်းကိုမဆို ကျော်သွားခွင့်ရှိကြောင်းကို အချက်အလက်ကောက်ယူသူများက အသိပေးပြောကြားခဲ့သည်။ မေးမြန်းမှုကို အွန်လိုင်းပလက်ဖောင်းများကို အသုံးပြု၍သော် လည်းကောင်း၊ လူကိုယ်တိုင်တွေ့ဆုံ

မေးမြန်းခြင်းဖြင့်လည်းကောင်း လုပ်ဆောင်ခဲ့သည်။ သို့ရာတွင် အသက် (၁၈) နှစ်အောက်ရှိသည့် ရှင်သန်လွတ်မြောက်လာသူများကိုမူ စိတ်ဒဏ်ရာပြန်လည်ရရှိမည်ကို စိုးရိမ်သောကြောင့် တွေ့ ဆုံမေးမြန်းမှု မပြုလုပ်ခဲ့ပေ။ အကြမ်းဖက်ခံရမှု ဖြစ်ရပ်များအကြောင်း ထုတ်ဖော်ပြောဆိုရန် အဆင်သင့်မဖြစ်သေး သော ရှင်သန်လွတ်မြောက်လာသူများကိုလည်း တွေ့ဆုံမေးမြန်းမှု မပြုလုပ်ခဲ့ပေ။ မိမိတို့အဖွဲ့အနေဖြင့် "ထိခိုက်နစ်နာမှုမဖြစ်ရေးမူ" နှင့် "ရှင်သန်လွတ်မြောက်လာသူများအား အဓိကထားချဉ်းကပ်ဆောင်ရွက်မှု" မူကို ဦးစားပေး ပြီး လုပ်ဆောင်ခဲ့ကြသည်။

ထို့အပြင် မြေပြင်တွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူများကို ကူညီပေးနေသော အမျိုးသမီးအခွင့်အရေးအဖွဲ့များ၊ LGBTQIA+ အဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့များနှင့် ဦးတည်အုပ်စုဖွဲ့ဆွေး နွေးမှုနည်းလမ်းကိုအသုံးပြုကာ တစ်ရက်ကြာ အွန်လိုင်းအလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်းဖြင့်လည်း အချက်အလက်များကို ကောက်ယူခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် အဖွဲ့အစည်းများကြုံရသော စိန်ခေါ်မှု များနှင့် ကန့်သတ်ချက်များ၊ ဆောင်ရွက်နိုင်မည့် လုပ်ငန်းစဉ်များနှင့် မြန်မာနိုင်ငံတွင်း ပိုမိုပြင်းထန်လာသော ပဋိပက္ခများကြားမှ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ရှေ့ဆက်လုပ် ဆောင်နိုင်မည့် အချက်များကို ထည့်သွင်းဆွေးနွေးခဲ့ကြသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသည် အချိန်အားဖြင့် ငါးနာရီကြာမြင့်ခဲ့ပြီး ဂျန်ဒါမျိုး စုံပါဝင်သည့် ကူညီဆောင်ရွက်နေသူ စုစုပေါင်း (၁၈) ဦး တက်ရောက်ဆွေးနွေးပေးခဲ့ကြသည်။ အလုပ်ရုံဆွေး နွေးပွဲတွင် ပါဝင်သူများကို အဖွဲ့နှစ်ဖွဲ့ခွဲကာ ကြိုတင်ပြင်ဆင်ထားသည့် တစ်စိတ်တစ်ပိုင်း စနစ်ချဖွဲ့ထားသော မေးမြန်းမှုလမ်းညွှန်ကိုအခြေခံ၍ ဆွေးနွေးခဲ့ကြသည်။

သုတေသနလုပ်ဆောင်နေစဉ်အတွင်း ပါဝင်သူများ၏ ဘေးကင်းလုံခြုံရေးကို အာမခံနိုင်ရန်အတွက် မြန်မာ့ အမျိုးသမီးသမဂ္ဂအနေဖြင့် "ထိခိုက်နစ်နာမှု မဖြစ်ရေးမူ" ဖြင့် အထူးအလေးထား ဆောင်ရွက်ခဲ့သည်။ သုတေသနအတွက် သဘောတူညီချက်ရယူရာတွင်လည်း ပါဝင်သူများ၏ဆန္ဒအလျောက်သာ ပါဝင်စေ ခြင်းဖြစ်ပြီး မေးမြန်းနေစဉ်အတွင်း အသံသွင်းယူထားခြင်း၊ မှတ်စုမှတ်တမ်းတင်ထားခြင်းနှင့် ဖြေဆိုချက်များမှ ရရှိသည့်အချက်အလက်များကို သုတေသနအတွက် အသုံးပြုခြင်းကိုလည်း ပါဝင်ဖြေဆိုပေးသူများ၏ သဘောတူဆန္ဒအရသာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အန္တရာယ်တစုံတရာ မဖြစ်ပေါ်စေရန်အတွက် ပါဝင်သူများ၏ နောက်ခံကြောင်းအရာနှင့် ၎င်းတို့၏ အချက် အလက်များကို လျှို့ဝှက်ပေးထားသည်။ သို့ဖြစ်ရာ ပါဝင်ဖြေဆိုသူအားလုံး၏ အမည်များမှာ နာမည်ဝှက်များကိုသာ အသုံးပြုထားခြင်းဖြစ်သည်။ ဤသုတေသန လေ့လာမှုတွင် ပါဝင်ဖြေဆိုသူများနှင့် သုတေသီများ၏ လုံခြုံရေးအတွက် မူရင်းအင်တာဗျူး အချက်အလက်များကို လျှို့ဝှက်လုံခြုံစွာ ထိန်းသိမ်းထားပါသည်။

## ၃။ ၂။ အချက်အလက်ကောက်ယူရာတွင်ကြုံတွေ့ရသော ကန့်သတ်ချက်များ

လက်နက်ကိုင်ပဋိပက္ခများ ပိုမိုပြင်းထန်ပြီး ကျယ်ပြန့်လာသည်နှင့်အမျှ ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ အသက်ရှင်ကျန်ရစ်သူများနှင့် လက်တွဲလုပ်ဆောင်နေသော အဖွဲ့အစည်းများအနေဖြင့် အထူးသဖြင့် အချက်အလက်မှတ်တမ်းကောက်ယူရာ၌ စိန်ခေါ်မှုများစွာနှင့် ကြုံတွေ့နေကြရသည်။ သုတေသနပြု လုပ်သည့် တိုင်းဒေသကြီးများနှင့် ပြည်နယ်ထဲမှ နေရာတစ်ခုတွင် တရားမဝင်အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းဗုံးကြဲ တိုက်ခိုက်မှု၊ လက်နက်ကြီးဖြင့်ပစ်ခတ်မှုနှင့် စစ်သည်အင်အားဖြည့်တင်းမှုတို့သည် ဤသုတေသနအတွက် မေးမြန်း မှုပြုလုပ်နေစဉ် ဖြစ်ပွားခဲ့သည်။ ထိုသို့ဖြစ်ပွားခဲ့သည့်အတွက် မေးမြန်းမှုများ ကိုရပ်နားခဲ့ရပြီး ပါဝင်ဖြေဆိုသူများ၏ လုံခြုံမှုနှင့် ၎င်းတို့အဆင်သင့်ဖြစ်သည့် အချိန်ရောက်မှသာ မေးမြန်းမှုကို ဆက်လက်လုပ်ဆောင်ခဲ့ရသည်။ ပါဝင်ဖြေ ဆိုသူများအား မေးမြန်းနေစဉ် ၎င်းတို့ဘေးကင်းလုံခြုံရေးအတွက် အခြားနေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အတွေ့အကြုံများလည်းရှိခဲ့သည်။ ထိုသို့သော အခြေအနေ မျိုးတွင် အချက်အလက်ကောက်ယူသူများအနေဖြင့် မေး မြန်းမှုကို ဆက်လက်လုပ်ဆောင်နိုင်ခြင်း မရှိကြပေ။

အကြမ်းဖက်စစ်ကောင်စီမှ ဆက်သွယ်ရေးလမ်းကြောင်းများကို ကန့်သတ်ထားခြင်း၊ အင်တာနက်လိုင်းများ ဖြတ် တောက်ထားခြင်းတို့ကြောင့် သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ဖြစ်စဉ်များကို စိစစ်အတည်ပြုခြင်းနှင့် နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများပြုလုပ်ရာ၌ ကြီးမားသောစိန်ခေါ်မှုဖြစ်ခဲ့သည်။ မြေပြင်တွင် အချက်အလက် ကောက်ယူသူများနှင့် ရှင်သန်လွတ်မြောက်လာသူများသည် စစ်ဆေးရေးဂိတ်များရှိနေခြင်း၊ ၎င်းတို့၏ သွားလာလှုပ် ရှားမှုကို စောင့်ကြည့်ခံနေရခြင်းစသည့် အကန့်အသတ်များစွာကို ကြုံရသည်။ ထို့အပြင် ရှင်သန်လွတ်မြောက် လာသူများနှင့် ၎င်းတို့၏မိသားစုဝင်များသည် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်ရမှုများအပြင် ကျေးရွာရပ်ကွက်အတွင်း ရှိနေသည့် ရိုးရာအလေ့အထများနှင့် ဖိုဝါဒကြီးစိုးမှုတို့ကြောင့် ၎င်းတို့ လိင်အကြမ်းဖက်မှုခံရသည်ကို ထုတ်ဖော်ပြော ဆိုရန် ဆန္ဒမရှိခြင်းနှင့် တွန့်ဆုတ်မှုများ ရှိနေကြသည်။ ဤအစီရင်ခံစာ အတွက် မြန်မာ့အမျိုးသမီးသမဂ္ဂမှ မှတ်တမ်း တင်ကောက်ယူထားသော ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု မှတ်တမ်းများသည် လူ့အရင်း အမြစ်အရ (မြေပြင်အချက်အလက် ကောက်ယူသူများ) ကန့်သတ်ချက်များရှိနေခြင်းကြောင့် ပြည့်စုံလုံလောက် သော မှတ်တမ်းတင်နိုင်မှုဟု မဆိုနိုင်ပေ။ အကယ်၍ တရားမဝင်အကြမ်းဖက်စစ်အုပ်စု ထိန်းချုပ်နယ်မြေများသို့ မိမိ တို့အဖွဲ့မှ အချက်အလက်ကောက်ယူသူများ သွားရောက်မှတ်တမ်းယူနိုင်မည်ဆိုပါက ယခုကောက်ယူထားသော ဒေသ (၅) ခုထက် လိင်အကြမ်းဖက်ခံရမှု ဖြစ်စဉ်အရေအတွက်များ ပိုမိုများပြားနိုင်ပေသည်။

# ၄။ ရှာဖွေတွေ့ရှိချက်များ

## မြန်မာနိုင်ငံတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ရှင်းလင်းတင်ပြခြင်း

ဤအခန်းတွင် တရားမဝင်စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ အချို့သောတော်လှန်ရေးအဖွဲ့များနှင့် ပဋိပက္ခဒေသများရှိ အရပ်သားများက သီးခြားကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံအမျိုးမျိုးကို အစီရင်ခံ တင်ပြသွားမည်ဖြစ်သည်။ တရားမဝင်အကြမ်းဖက်စစ်ကောင်စီကို ဆန့်ကျင်သော လက်နက်ကိုင်တော်လှန်ရေး အရှိန်အဟုန်မြင့် လာသည်နှင့်အမျှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ရင်ဆိုင်ရသည့် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအန္တရာယ်မှာ ပိုမိုမြင့်မားလာသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂသည် လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု၊ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များကို ၂၀၂၁ ခုနှစ် မတိုင်မီကပင် နှစ်ပေါင်းများစွာ မှတ်တမ်းတင်ကောက်ယူနေသည့် အဖွဲ့ဖြစ်သည်။ ၂၀၂၁ ခုနှစ် စစ်အာဏာသိမ်းရန် ကြိုးပမ်းပြီး နောက်ပိုင်းတွင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း ဖြစ်ပျက်မှုတိုးမြင့်လာခဲ့ပြီး ယင်းသည် အမျိုးသမီးများနှင့် မိန်းက လေးငယ်များ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်လျက်ရှိသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အတွင်း ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ် (၈၈) မှုကို မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ၎င်းတို့ အနက် (၆၄) မှုသည် မုဒိမ်းမှုများဖြစ်ပြီး ဤအမှု များအတွင်း ကျူးလွန်သူ (၂) ဦးမှ (၁၀) ဦးအထိပါဝင်သည့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှု (၁၁) မှု ပါဝင်သည်။ ကျန်ရှိသော အဖြစ်အပျက်များမှာ မုဒိမ်းကျင့်ရန်ကြိုးပမ်းမှု၊ စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ လက်နက် (သို့မဟုတ်) ငွေအင်အားကိုအသုံးပြု၍ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှု၊ လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် တော်လှန် ရေးအတွက် ငွေကြေးထောက်ပံ့ သူများက အခွန်လိုင်းမှတဆင့် လိင်ပိုင်းဆိုင်ရာအနှောင့်အယှက် ပေးမှုများဖြစ်သည်။ ရှင်သန်လွတ်မြောက်လာသူများနှင့် ကျူးလွန်ခံရသူများ၏ အသက်အပိုင်းအခြားမှာ အသက်အငယ်ဆုံး (၅) နှစ်မှစ ၍ အသက် (၇၀) နှစ်အတွင်းရှိပြီး သက်ကြီးရွယ်အိုအမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် လိင်စိတ်ခံယူမှုကွဲပြား သူ အသိုင်းအဝိုင်းများလည်း ပါဝင်သည်။ ၎င်းရှင်သန်လွတ်မြောက်လာသူများအနက် (၂၉) ဦးမှာ အသက် (၁၈) နှစ်အောက်ဖြစ် ကြပြီး (၄) ဦးမှာ မသန်စွမ်းသူများ ဖြစ်ကြသည်။ လိင်အကြမ်းဖက်မှုဖြစ်ပွားပြီးနောက် ကျူးလွန် ခံရသူ (၈) ဦးမှာ သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။ ရှင်သန်လွတ်မြောက်လာသူထဲမှ (၆) ဦးမှာ ပြစ်မှုကျူး လွန်သူများ၏ ရက်ရက်စက် စက်နှိပ်စက်ခြင်းကို ခံခဲ့ရသည်။ ဤလိင်အကြမ်းဖက်မှု ကျူးလွန်ခဲ့သူအများစုမှာ အကြမ်းဖက်ရာဇဝတ်ကောင်များ ဖြစ်သည့် စစ်အုပ်စုပင်ဖြစ်သည်။

***မြန်မာ့အမျိုးသမီးသမဂ္ဂသည် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အတွင်း ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်စဉ် (၈၈) မှုကို မှတ်တမ်းပြုစုနိုင်ခဲ့သည်။ ၎င်းတို့ အနက် (၆၄) မှုသည် မုဒိမ်းမှုများ ဖြစ်ပြီး ၎င်းအမှုများအတွင်း ကျူးလွန်သူ (၂) ဦးမှ (၁၀) ဦးအထိပါဝင်သည့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှု (၁၁) မှု ပါဝင်သည်။***

------

## ၄၊ ၁။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများ



### ၄၊ ၁၊ ၁။ အကြမ်းဖက်ရာဇဝတ်စစ်အုပ်စု၊ ၎င်းတို့၏စစ်သားများ၊ ပြည်သူ့စစ်များနှင့် ပတ်သက်ဆက်စပ်သူများ

အကြမ်းဖက်စစ်ရာဇဝတ်တပ်ဖွဲ့ဝင်များသည် အပြစ်ပေးခံရခြင်းမရှိဘဲ ဥပဒေမဲ့သတ်ဖြတ်ခြင်း၊ ညှင်းပန်းနှိပ်စက် ခြင်း၊ ၎င်းတို့၏သဘောဆန္ဒအတိုင်း ဖမ်းဆီးထိန်းသိမ်းခြင်း၊ ဗုံးကြဲပစ်ခတ်ခြင်းနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင် ပိုင်းဆိုင်ရာအကြမ်းဖက်မှုများစသည့် ဆိုးရွားလှသော လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့သော အဓိကတရားခံများဖြစ်ပြီး ဤလုပ်ရပ်များသည် လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများနှင့် စစ်ရာဇ ဝတ်မှုမြောက်သည်။ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ဤသုတေသနပြုလုပ်နေစဉ်ကာလအတွင်း မှတ်တမ်းတင်ထား သော ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဖြစ်စဉ်များ၏ တဝက်ကျော်သည် ဗမာ

တိုင်းရင်းသား များ အများစုနေထိုင်သည့် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများဖြစ်သော စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးတို့မှ ဖြစ်သည်။ အဆိုပါဒေသများသည် အခြားတိုင်းရင်းသားလူနည်းစုဒေသ များ၊ နယ်စပ်ဒေသများနှင့် နှိုင်းယှဉ်ပါက တရားမဝင်အကြမ်းဖက်စစ်ကောင်စီ၏ ၂၀၂၁ ခုနှစ် အာဏာသိမ်းရန် ကြိုးပမ်းမှုမတိုင်မီထိ လက်နက်ကိုင်ပဋိပက္ခ များ မျက်မြင်ကြုံတွေ့ခဲ့ဖူးခြင်း မရှိပေ။ သို့သော် မြန်မာနိုင်ငံအလယ်ပိုင်းဒေသတွင် နေထိုင်သောပြည်သူများသည် အကြမ်းဖက်စစ် အုပ်စုအာဏာသိမ်းရန် ကြိုးပမ်းမှုကို လက်နက်ကိုင်ကာ ပြင်းပြင်းထန်ထန် ဆန့်ကျင်တော်လှန်ခဲ့ ကြရာ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ကဲ့သို့သော လက်နက်ကိုင် အဖွဲ့အစည်းများစွာ ပေါ်ပေါက်လာခဲ့ သည်။ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့အများစုသည် အမျိုးသား ညီညွတ်ရေးအစိုးရ၏ ကွပ်ကဲမှု အောက်တွင်ရှိသော်လည်း ယင်းကွပ် ကဲမှုအောက်တွင်မရှိသော ဒေသအလိုက် ဖွဲ့စည်းထားသည့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များလည်း ရှိနေသည်။ လက်နက်ကိုင်ပဋိပက္ခများသည်ဒေသ အနှံ့ပျံ့နှံ့လျက်ရှိပြီး ကချင်လွတ်လပ်ရေးအဖွဲ့ကဲ့သို့သော ကာလရှည်ကြာ တော်လှန်နေသည့် တိုင်းရင်းသား တော် လှန်ရေး အဖွဲ့အစည်းအချို့နှင့်အတူ ညှိနှိုင်းပူးပေါင်း၍ လုပ်ဆောင်နေသော ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့ များလည်း ရှိသည်။[11]

တော်လှန်ရေးတပ်ဖွဲ့များနှင့် တရားမဝင်အကြမ်းဖက်စစ်အုပ်စုများကြား တိုက်ပွဲများပိုမို ပြင်းထန်လာသည်နှင့်အမျှ အကြမ်းဖက်ရာဇဝတ်စစ်အုပ်စုသည် ၎င်းတို့၏ဒေသအလိုက် ပြည်သူ့စစ် အဖွဲ့များကို "ပျူစောထီး" ဟူသောအမည် ဖြင့် လက်နက်ခဲယမ်းများ ထောက်ပံ့ပေးလျက်ရှိသည်။ ထို့အပြင် တရားမဝင် အကြမ်းဖက်စစ်အုပ်စုသည် ပျူစောထီးအဖွဲ့ကို စစ်သင်တန်းပေးခြင်း၊ လက်နက်ခဲယမ်းများ တပ်ဆင်ပေးခြင်းတို့ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၎င်းတို့သည် လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များကို တိုက်ခိုက်ရန်နှင့် ၎င်းတို့ထိန်းချုပ် ထားသည့် ဒေသများရှိ အရပ်သားပြည် သူများကို စောင့်ကြည့်၊ ခြိမ်းခြောက်၊ နှောင့်ယှက်နှိမ်နင်းရန်အတွက် ဒေသခံကိုယ်စားပြုတပ်ဖွဲ့များ Local Proxy Forces အဖြစ် ချထားခြင်းဖြစ်သည်။ ပျူစောထီးအဖွဲ့သည် စစ်အာဏာသိမ်းရန် ကြိုးပမ်းသည့်အချိန် မှစ၍ ဆိုးရွားကြောက်မက်ဖွယ်ကောင်းလှသည့် လူ့အခွင့်အရေး ချိုးဖောက်မှု များနှင့် စစ်ရာဇဝတ်မှုများကို ကျူးလွန်နေခဲ့ပြီး ယင်းဖြစ်စဉ်များကို မျက်မြင်သက်သေများဖြင့် မှတ်တမ်းတင်ထားပြီးလည်းဖြစ်သည်။[12] မြန်မာ့အမျိုးသမီးသမဂ္ဂ ကောက်ယူထားသည့်အချက် အလက်များအရ အကြမ်းဖက်စစ်ကောင်စီတပ်ဖွဲ့ဝင်များ၊ ပျူစောထီးအဖွဲ့ဝင် များနှင့် တရားမဝင် အကြမ်းဖက်စစ်ကောင်စီမှ ခန့်အပ်ထားသည့် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ခေါင်းဆောင်များစ သည့် အကြမ်းဖက်စစ်တပ်နှင့် ပတ်သက် ဆက်စပ်မှုရှိသူများ ကျူးလွန်ခဲ့သည် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်မှု ၃၁ မှုကို မှတ်တမ်း တင်နိုင်ခဲ့ပြီး ထိုအမှုများအနက် ၁၀ မှုမှာ အုပ်စု လိုက် မုဒိမ်းကျင့်မှုများဖြစ် သည်။ တရားမဝင်အကြမ်းဖက် စစ်ကောင်စီနှင့် ၎င်းနှင့်ပတ်သက် ဆက်စပ်သည့် အဖွဲ့များကျူးလွန်ခဲ့သည့် အဆိုပါ လိင်အကြမ်းဖက်မှု ၃၁ မှုအနက် ၂၁ မှုမှာ စစ်ကိုင်း နှင့် မကွေးတိုင်း ဒေသကြီးတို့မှဖြစ်သည်။

11 COAR (2023). Broken heartland: armed violence and emergency response in central Myanmar. Retrieved fromhttps://www.coar-global.org/2023/09/27/broken-heartland-armed-violence-and-emergency-response-in-central-myanmar/
12 Burma Human Rights Network (2024). Pyu saw htee and pro-junta thus. Retrieved from
https://www.bhrn.org.uk/en/component/edocman/bhrn-report/pyu-saw-htee-and-pro-junta-thugs.html

## ၄၊ ၁၊ ၂။ တော်လှန်ရေးအဖွဲ့အစည်းများ

လက်နက်ကိုင်ပဋိပက္ခများ ပိုမိုကျယ်ပြန့်လာပြီး တော်လှန်ရေးအဖွဲ့အစည်းများက မဟာဗျူဟာမြောက်နယ်မြေ များကို ဆက်တိုက်သိမ်းပိုက်လာနိုင်သည်နှင့်အမျှ အထူးသဖြင့် စစ်ကိုင်းနှင့်မကွေးတိုင်းဒေသကြီးတို့ရှိ လွတ်မြောက်နယ်မြေအချို့မှ အရပ်သားများသည် မြေပြင်တွင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ခြိမ်းခြောက်မှုများကို ရင်ဆိုင်ကြရသည်။ ၎င်းတို့သည် တရားမဝင်အကြမ်းဖက်စစ်ကောင်စီ၏ ခြိမ်းခြောက် မှုများကို ရင် ဆိုင်နေရပြီး အကြမ်းဖက်စစ်အုပ်စုက တော်လှန်ရေးတပ်ဖွဲ့များထံမှ နယ်မြေပြန် လည်ရရှိရန်အတွက် စစ်အင်အား ဖြည့်တင်းကာ လူ့အဖွဲ့အစည်းတစ်ခုလုံးကို စုပေါင်းပြစ်ဒဏ်ပေးသည့်ပုံစံဖြင့် ဆိုးရွားလှသော လူ့အခွင့်အရေးချိုး ဖောက်မှုများကို ကျူးလွန်လျက်ရှိသည်။ ထို့အပြင် အချို့သော တော်လှန်ရေး တပ်ဖွဲ့များသည်လည်း အရပ်သားကာ ကွယ်ရေးဆိုင်ရာကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် အားနည်းနေခြင်း (သို့မဟုတ်) ထိရောက်စွာ အကောင်အထည်မဖော်ခြင်းတို့ကြောင့် အရပ်သားပြည်သူအများမှာ ၎င်းတို့ထံမှ ခြိမ်းခြောက်မှုများကိုပါ ရင်ဆိုင်နေရလျက်ရှိသည်။ အကြမ်းဖက်ရာဇဝတ်စစ်အုပ်စု၏ ကျယ်ပြန့်ပြီး စနစ်တကျကျူးလွန်ခဲ့သည့် ရက်စက်ကြမ်းကြုတ်မှုများမှာ ဆယ်စုနှစ်များစွာကြာ ပြစ်ဒဏ်ပေးခံရခြင်းမရှိဘဲ ဖြစ်ပွားခဲ့သည်မှာ ငြင်းမရသော အမှန်တရားဖြစ်သော်လည်း၊ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်အချို့နှင့် ၎င်းတို့၏ လက်အောက်ခံ မဟုတ်သော ဒေသအလိုက်ဖွဲ့ထားသည့် ပြည်သူ့ကာကွယ်ရေးတပ်အချို့အပြင်၊ တိုင်းရင်းသားတော်လှန်ရေး အဖွဲ့ဝင်အချို့သည်လည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်မှုနှင့် နှောင့်ယှက်မှုများကို စတင်ကျူးလွန်လာကြသည်ကို တွေ့ရှိရသည်။ ယင်းတပ်ဖွဲ့များ၏ ခေါင်းဆောင်များသည် ၎င်းတို့၏တပ်ဖွဲ့ဝင်များ အရပ် သားကာကွယ် ရေးဆိုင်ရာကျင့်ဝတ်များကို အပြည့်အဝလိုက်နာကြောင်း အာမခံရန်နှင့် အရပ်သားများအပေါ် ပဋိပက္ခနှင့်ဆက်စပ်သောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပါအဝင် စော်ကားမှုများရှိလာပါက ပြစ်မှုကျူးလွန်သူများကို ဥပဒေအရအရေးယူနိုင်ရန်အတွက် လိုအပ်သည့်အစီအမံများအားလုံးကို ဆောင်ရွက်ရမည် ဖြစ်သည်။

မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ၂၀၂၄ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၅ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ မှတ်တမ်းတင်ထားသော အချက်အလက်များအရ တော်လှန်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့သည့် ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်စဉ်များ စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ပိုမိုဖြစ်ပွား လာသည်ကိုတွေ့ရသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂမှ တော်လှန်ရေးအဖွဲ့များ ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုဖြစ်စဉ် ၂၈ မှုကိုမှတ်တမ်းတင်နိုင်ခဲ့ပြီး အများစုမှာ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးမှဖြစ်သည်။ ၎င်း ၂၈ မှုအနက် ၁၇ မှုမှာ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၉ မှုမှာ ၎င်း၏ လက်အောက်ခံမဟုတ်သော ပြည်သူ့ ကာကွယ်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။ ထို့အပြင် ပဲခူးတိုင်းဒေသကြီးရှိ ဆင်ထိန်းသိမ်း စောင့်ရှောက် ေး ဌာနမှ အာဏာဖီဆန်ရေးလှုပ်ရှားမှု civil disobedience movement (CDM) တွင်ပါဝင်သူတစ်ဦး

ကျူးလွန်ခဲ့သည့် အုပ်စုလိုက်မုဒိမ်းကျင့်မှု ၁ မှုနှင့် ကရင်နီ ပြည်နယ်ရှိ ကရင်နီတပ်မတော် Karenni Army (KA) အဖွဲ့ဝင်တစ်ဦး ကျူးလွန်ခဲ့သော မုဒိမ်းမှု ၁ မှုကိုလည်း မြန်မာ့ အမျိုးသမီးသမဂ္ဂမှ မှတ်တမ်းတင်နိုင်ခဲ့သည်။ မြန်မာ့အမျိုးသမီးသမဂ္ဂမှ မှတ်တမ်းတင်ထားခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအများစုမှာ မုဒိမ်းမှုများ ဖြစ်ပြီး ကျန်သောအကြမ်းဖက်မှုများမှာ မုဒိမ်းကျင့်ရန် ကြိုးပမ်းမှု၊ လိင်ပိုင်း ဆိုင်ရာအမြတ်ထုတ်မှုနှင့် အွန်လိုင်း မှတဆင့် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုများ ဖြစ်ကြသည်။

## ၄၊ ၁၊ ၃။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူအရပ်သားများ

တော်လှန်ရေးအဖွဲ့များ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော လွတ်မြောက်နယ်မြေများ ရှိလာသည်နှင့်အမျှ အချို့သော ဒေသခံအရပ်သားများ၊ အထူးသဖြင့် အာဏာနှင့် ငွေကြေးအင်အား ပိုင်ဆိုင်သူများသည် လူမှုအသိုင်း အဝိုင်းအတွင်း လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ကျူးလွန်သူများဖြစ်လာကြသည်။ ကျူးလွန်ခံရသူများနှင့် ရှင်သန်လွတ် မြောက်လာသူများသည် အခြား ရွေးချယ်စရာလမ်းမရှိဘဲ ပဋိပက္ခဖြစ်ပွားရာဒေသများ၌ဖြစ်စေ၊ ပြည်တွင်းနေရပ်စွန့်ခွာ ခိုလှုံစခန်းများ၌ဖြစ်စေ ကျူးလွန်သူများနှင့်အတူ တစ်နေရာထဲတွင် နေထိုင်ကြရသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ဦးတည်နယ်မြေ ၅ ခုတွင် ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၁) ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ မှတ်တမ်းတင်ကောက်ယူထားသော အချက်အလက်များအရမုဒိမ်းကျင့်မှု၊ မုဒိမ်းကျင့်ရန် ကြိုးပမ်းမှု၊ လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှု (လူကိုယ်တိုင်နှင့် အွန်လိုင်းမှတဆင့်) နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်မှုအပါအဝင် လိင်အကြမ်းဖက်မှုဖြစ်စဉ်၂၉ မှုကို အရပ်သားများက ကျူးလွန်ခဲ့ကြောင်း ဖော်ပြထားသည်။

**မြန်မာ့အမျိုးသမီးသမဂ္ဂမှ တော်လှန်ရေးအဖွဲ့များ ကျူးလွန်ခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် နှောင့်ယှက်မှုဖြစ်စဉ် ၂၈ မှုကိုမှတ်တမ်းတင်နိုင်ခဲ့ပြီး အများစုမှာ စစ်ကိုင်းနှင့် မကွေးတိုင်း ဒေသကြီးမှ ဖြစ်သည်။ ၎င်း ၂၈ မှုအနက် ၁၇ မှုမှာ အမျိုးသားညီညွတ်ရေးအစိုးရ၏ ကွပ်ကဲမှုအောက်ရှိ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များမှ ကျူးလွန်ခဲ့ခြင်းဖြစ်ပြီး ၉ မှုမှာ ၎င်း၏ လက်အောက်ခံမဟုတ်သော ပြည်သူ့ကာကွယ်ရေးအဖွဲ့များမှ ကျူးလွန်ခဲ့ခြင်း ဖြစ်သည်။**

## ၄၊ ၂။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုပုံစံများ



### ၄၊ ၂၊ ၁။ ခြိမ်းခြောက်မှု၊ အကြပ်ကိုင်မှုနှင့် နှိပ်စက်ညှင်းပန်းမှုများ

ရှင်သန်လွတ်မြောက်လာသူများနှင့် အကြမ်းဖက်ခံရသူများသည် လိင်အကြမ်းဖက်ရာဇဝတ်မှု ကျူးလွန်မှုမခံရခင်၊ ကျူးလွန်ခံနေရစဉ်အတွင်းနှင့် ကျူးလွန်ခံရပြီးနောက်တွင်လည်း ရာဇဝတ်မှုကျူးလွန်သူ များ၏ ဖိအားပေးခြောက်လှန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို ရင်ဆိုင်ကြုံတွေ့ကြရသည်။ တရားမဝင် အကြမ်းဖက် စစ်အုပ်စုတပ်ဖွဲ့ဝင်များ ကျေးရွာများအတွင်း စီးနင်းဝင်ရောက်သည့်အခါ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များသည် မတရားဖမ်းဆီးခံရခြင်းနှင့် လူသားဒိုင်းအဖြစ် အသုံးပြုခံရသည်သာမက လိင်ပိုင်းဆိုင် ရာစော်ကားခံရခြင်း၊ မုဒိမ်းကျင့်ခံရခြင်းများ ကြုံတွေ့ကြရသည်။ မကွေးတိုင်းဒေသကြီးမှ ဖြေဆိုသူတစ်ဦးက "စစ်သားတွေ ရွာထဲဝင်လာတဲ့အချိန်မှာ ရှင်သန်လွတ် မြောက်လာသူက အိမ်ပစ္စည်းပစ္စယတွေ လိုက်စုနေတာကို စစ်သားတွေတွေ့သွားပြီး မုဒိမ်းကျင့်တော့တာ။ ရှင်သန် လွတ်မြောက်လာသူက အော်ဟစ် အကူအညီတောင်းပေမဲ့ အကြမ်းဖက်စစ်တပ်က အင်အားဖြည့်တင်းထားတဲ့အတွက် ရွာသူရွာသားအားလုံး ထွက်ပြေးနေတာမို့ဘယ်သူမှ သူ့ကိုလာမကူနိုင်ကြဘူး" ဟု ပြောကြားခဲ့သည်။[13] လိင်အကြမ်းဖက်မှုဖြစ်ပွားနေစဉ်အတွင်း ရှင်သန်လွတ်မြောက်လာသူများနှင့် ကျူးလွန်ခံရသူများကို ခြိမ်းခြောက်ခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းများ ပြုလုပ်ခဲ့ ကြသည်။ ဥပမာအားဖြင့် ကျူးလွန်သူများသည် ရှင်သန်လွတ်မြောက်လာသူများ ၏ ပါးစပ်ကိုပိတ်ထားကာ လက်ကိုနောက်ပြန်ကြိုးတုပ်၍ အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့ပြီး အခြားကျန်ရှိသူများက လည်း မုဒိမ်းကျင့်ရန် အလှည့် ကျစောင့်ဆိုင်းနေခဲ့ကြသည်။ အချို့သော လိင်အကြမ်းဖက်မှုဖြစ်စဉ်များတွင် ရှင်သန် လွတ်မြောက်လာ သူများသာမက ၎င်းတို့၏မိသားစုဝင်များပါ လုံခြုံရေးအန္တရာယ် စိုးရိမ်ပူပန်ရမှုများ ဖြစ်လာသည်။ ပဲခူးတိုင်းဒေသမှ ဖြေဆိုသူတစ်ဦးက "စစ်သားတွေက ရှင်သန်လွတ်မြောက်လာသူကို အုပ်စုလိုက်မုဒိမ်းကျင့်ယုံတင် မကဘဲ နှိပ်ပါနှိပ်စက်

13 စစ်ကိုင်းတိုင်းမှမျက်မြင်သက်သေတစ်ဦး။

တာ၊ အဲဒါတင်မက ကျူးလွန်သူတွေက ရွာကိုပြန်လာပြီး ရှင်သန်လွတ်မြောက်လာသူနဲ့ သူ့ရဲ့ မိသားစုကိုပါ ခြိမ်းခြောက်လို့ ရှင်သန်လွတ်မြောက်လာသူက ခုထိ ရွာကနေ ထွက်ပြေးပြီး ရှောင်နေရတယ်”[14] ဟု ပြန်လည်ပြောပြခဲ့သည်။

## စစ်သားတွေ ရွာထဲဝင်လာတဲ့အချိန်မှာ ရှင်သန်လွတ် မြောက်လာသူက အိမ်ပစ္စည်းပစ္စယတွေ လိုက်စုနေတာကို စစ်သားတွေတွေ့သွားပြီး မုဒိမ်းကျင့်တော့တာ။ ရှင်သန် လွတ်မြောက်လာသူက အော်ဟစ် အကူအညီ တောင်းပေမဲ့ အကြမ်းဖက်စစ်တပ်က အင်အားဖြည့်တင်းထားတဲ့အတွက် ရွာသူရွာသားအားလုံး ထွက်ပြေးနေတာမို့ ဘယ်သူမှ သူ့ကိုလာမကူနိုင်ကြဘူး

အခြားနည်းအားဖြင့်လည်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် စစ်ဆေးမေးမြန်းရန်ရှိသည်ဟု အကြောင်းပြကာ တရားမဝင်အကြမ်းဖက်စစ်အုပ်စု၏ စစ်ဆေးရေးဂိတ်များတွင် တားဆီးခံခဲ့ရပြီး မုဒိမ်းကျင့်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ တိုက်ခိုက်မှုများနှင့် အကြမ်းဖက်မှုများကို ကြုံတွေ့ခဲ့ကြရသည်။ ထို့အပြင် ရှင်သန်လွတ် မြောက်လာသူအများစုသည် ကျူးလွန်ခံရမှုများကို ဖွင့်ပြောပါက (သို့မဟုတ်) အမှုဖွင့်တိုင်ကြားပါက သတ်ပစ်မည် ဟု ခြိမ်းခြောက်ခံထားရသည့်အတွက် အော်ဟစ်အကူအညီတောင်းခံရန်ပင် ကြောက်ရွံ့နေကြရသည့် အခြေအနေသို့ ရောက်ရှိနေသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူတစ်ဦးက “ကျူးလွန်သူက သူမုဒိမ်းကျင့်နေတုန်းမှာ ဗွီဒီယိုကိုပါ ရိုက်ထားတာ၊ ပြီးတော့ ရှင်သန်လွတ်မြောက်လာသူရဲ့ မိသားစုဆီကို ပို့မယ်၊ အွန်လိုင်းမှာတင်မယ်ဆိုပြီး ခြိမ်းခြောက်တယ်။ အဲဒီလိုခြိမ်းခြောက်ပြီး ရှင်သန်လွတ် မြောက်လာသူကို အကြိမ်ကြိမ်မုဒိမ်းကျင့်ခဲ့တာ။”[15] ယင်းလိင်အကြမ်းဖက်မှုဖြစ်ရပ်များတွင် ရှင်သန်လွတ်မြောက်လာသူများသည် လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုနှင့် အကြမ်းဖက်မှုများကို ခံနေကြရသည်သာမက လိင်အကြမ်းဖက်ကျူးလွန်သူများ၏ ဖိအားပေးခြောက်လှန့်မှု၊ ခြိမ်းခြောက်မှု များကြောင့် ၎င်းတို့၏ လုံခြုံရေးအပြင် မိသားစုဝင်များ၏ လုံခြုံရေးအတွက်ပါ အန္တရာယ်အမျိုးမျိုးကို ရင်ဆိုင်တွေ့ကြုံနေရကြောင်း အတည်ပြုဖော်ပြနေသည်။ မကွေးတိုင်းဒေသကြီးရှိ အမျိုးသားညီညွတ်ရေးအစိုးရ ကွပ်ကဲမှု အောက်ရှိ ပြည်သူ့လုံခြုံရေးအဖွဲ့ဝင်တစ်ဦးကျူးလွန်ခဲ့သော လိင်အကြမ်းဖက်မှုဖြစ်စဉ်နှင့် ပတ်သက်၍ မျက်မြင် သက်သေ တစ်ဦးက “အသက် ၁၅ နှစ်အရွယ်ဘဲရှိသေးတဲ့ ရှင်သန်လွတ်မြောက်လာသူနဲ့ မိသားစုဝင်တွေဟာ ကျူး လွန်သူက သေနတ်တွေ၊ လက်နက်တွေနဲ့ ဖိအားပေးခြောက်လှန့်တာတင်မက အကြိမ်ကြိမ်မုဒိမ်းကျင့်ပြီးတော့ပါ ခြိမ်းခြောက်တာ။ ရှင်သန်လွတ်မြောက်လာသူဟာ ရွာထဲမှာရော၊ ကျောင်းမှာပါ လုံခြုံမှုမရှိဘဲ အဲ့ခြိမ်းခြောက်မှု အောက်မှာ နေ့နေ့နေရတယ်။ ဒါကြောင့် ရွာထဲမှာဆက်နေဖို့ မလုံခြုံတဲ့အတွက် သူတို့ဟာ တခြားတနေရာကို ပြောင်း ထွက်သွားရတယ်” ဟု ဖြေကြားခဲ့သည်။[16]

14 ပဲခူးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး။
15 စစ်ကိုင်းတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး
16 မကွေးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

အချို့သောသက်သေခံချက်များအရ ရှင်သန်လွတ်မြောက်လာသူများမှာ လိင်အကြမ်းဖက်မှု မဖြစ်ပွားမီကပင် ကျူးလွန်သူများ၏ မသင့်လျော်သည့်အပြုအမူများ၊ မလိုလားအပ်သောအပြုအမူများနှင့် ခန္ဓာကိုယ်အား ထိတွေ့ပွတ်သပ်ခြင်း၊ ခြိမ်းခြောက်မှုမှနေ၍ ချိုးဖောက်မှုဖြစ်လာသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူတစ်ဦးက “မုဒိမ်းမှု မဖြစ်ခင်ရက်တွေတုန်းက သူကကျွန်မရဲ့ ခန္ဓာကိုယ်ကို မသင့်မလျော်ထိ ကပါးရိကပါးတွေ လုပ်ခဲ့တယ်။ နောက်တော့ ကျွန်မအိမ်ထဲမှာ တစ်ယောက်တည်းရှိနေတဲ့အချိန်မှာ အခန်းထဲအတင်းဆွဲခေါ်၊ ပါးစပ်ကိုအဝတ်နဲ့ပိတ်ပြီးတော့ မုဒိမ်းကျင့်ခဲ့တယ်” ဟု သက်သေထွက်ဆိုခဲ့သည်။[17] ထို့အပြင် ပြည်တွင်းနေရပ်စွန့်ခွာခိုလှုံစခန်းများ၏ အနေ အထားကြောင့် လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ခံရနိုင်သည့်အန္တရာယ်ကို အများဆုံးရင်ဆိုင်နေရသူများမှာ စခန်းတွင်းရှိ အမျိုးသမီးများနှင့် မိန်းကလေး ငယ်များဖြစ်ကြသည်။ မိသားစုဝင်များစွာနှင့် သေးငယ်သောအခန်းများတွင် ယာယီအတူနေထိုင်ကြရပြီး အမိုးအကာများမှာလည်း တစ်ခုနှင့်တစ်ခု အလွန်နီးကပ်သည်။ ကျူးလွန်သူများ သည် ထိုအခြေအနေကို အခွင့်ကောင်းယူကာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်ကြခြင်းဖြစ်သည်။ ကရင်နီပြည်နယ်မှ ဖြေဆိုသူတစ်ဦး၏ ပြောပြချက်အရ ပြစ်မှုကျူးလွန်သူသည် မုဒိမ်းကျင့်နေစဉ်အတွင်း ကျူးလွန် ခံရသူ၏ပါးစပ်ကို အတင်းအဓမ္မပိတ်ဆို့ထားသည့်အတွက် ရှင်သန်လွတ်မြောက်လာသူအနေဖြင့် အော်ဟစ် အကူအညီတောင်းရန်ပင် အခွင့်မသာခဲ့ပေ။ အချို့သော ရှင်သန်လွတ်မြောက်လာသူများသည် မထင်မှတ်ထား သည့်အချိန် တွင် ရုတ်တရက်အခြေအနေ၌ မုဒိမ်းကျင့်ခံခဲ့ရသည်ကိုလည်း တွေ့ရသည်။ ဥပမာအားဖြင့် “ညဘက် ကျွန်မတစ် ယောက်တည်းအိပ်နေတုန်း အိမ်ထဲကို လူတွေဝင်လာတာ သတိထားမိလိုက်တယ်။ သူတို့ကနှစ် ယောက်ဖြစ်တဲ့ အတွက် အော်ဟစ် အကူအညီတောင်းဖို့ ကြောက်သွားတယ်။ အဲ့မှာ မုဒိမ်းကျင့်ခံလိုက်ရတယ်” ဟု ဖြေကြားခဲ့သည်။[18] အချို့မုဒိမ်းမှုအဖြစ်အပျက်များတွင် ကျူးလွန်သူများ (အရပ်သား) သည် “မင်းရဲ့အမေက သူ့ဆီခေါ်လာဖို့ ပြောလိုက်လို့” ဟု လှည့်ဖြားပြောဆိုပြီး လမ်းခုလပ်အရောက်တွင် မုဒိမ်းကျင့်ကြခြင်းဖြစ်သည်။ သို့သော် အကြမ်း ဖက်ရာဇဝတ်စစ်အုပ်စု၏ ကြိုတင်အရိပ်အယောင်ပြပုံမှာမူ အများအားဖြင့် ဆင်တူကြသည်။ ဥပမာအားဖြင့် စစ်တပ်သည် ရုတ်တရက်အင်အားဖြည့်ကာ ရွာထဲသို့ ချည်းနင်းဝင်ရောက်လာပြီး အမျိုးသမီး များနှင့် မိန်းကလေးငယ် များအပါအဝင် ရွာသားများကို ရက်ရက်စက်စက်ဖမ်းဆီးကာ လူသားဒိုင်း အဖြစ် အသုံးပြု၊ ထွက်မပြေးနိုင်သူများကို မုဒိမ်းကျင့်ခြင်းများ လုပ်လေ့ရှိသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူတစ်ဦးက “အကြမ်းဖက်စစ်သားတွေ ရွာထဲဝင်လာတဲ့အခါ အိမ်တွေကို မီးရှို့ပြီး ရွာသားတွေ ကိုဖမ်းတယ်။ ရွာသားတွေက ရွာကနေ ထွက်ပြေးကြတယ်။ ကျွန်မကတော့ သူတို့မုဒိမ်းကျင့်တာကို ခံခဲ့ရတယ်” ဟု ပြောကြားခဲ့သည်။[19]

17 စစ်ကိုင်းတိုင်းဒေသမှ အသက်ရှင်ကျန်ရစ်သူတစ်ဦး။

18 စစ်ကိုင်းတိုင်းဒေသမှ အသက်ရှင်ကျန်ရစ်သူတစ်ဦး။
19 စစ်ကိုင်းတိုင်းဒေသမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး။

အကြမ်းဖက်စစ်သားတွေ ရွာထဲဝင်လာတဲ့အခါ
အိမ်တွေကိုမီးရှို့ပြီး ရွာသားတွေကိုဖမ်းတယ်။
ရွာသားတွေက ရွာကနေ ထွက်ပြေးကြတယ်။
ကျွန်မကတော့ သူတို့ရဲ့မုဒိမ်းကျင့်တာကိုခံခဲ့ရတယ်။

## ၄၊ ၂၊ ၂။ ကျူးလွန်ခံရသူကို အပြစ်တင်ပြောဆိုခြင်း



လိင်နှင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများနှင့် ၎င်းတို့၏ မိသားစုဝင်များသည် အပြစ် တင်ပြောဆိုခံရခြင်း၊ ရှက်ကြောက်သိမ်ငယ်အောင် ပြောဆိုခံရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် ဖြစ်ပျက်ခဲ့ခြင်းကို လူမှုရေးအမည်းစက်ကြီးသဖွယ် အသရေဖျက်ပြောဆိုခံရခြင်းစသည့် အမျိုးမျိုးသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြရ သည်။ ယင်းသည် မြန်မာ့လူ့အဖွဲ့အစည်း တစ်ရပ်လုံးတွင် အမြစ်တွယ်နေသော ဖိုဝါဒကြီးစိုးရေး စနစ်ကို အခြေခံသည့် လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ဓလေ့ထုံးတမ်း အယူအဆများကြောင့်ဖြစ်ပြီး ယင်းဓလေ့ ထုံးတမ်းများသည် ရပ်ရွာ အသိုင်းအဝိုင်းနှင့် မိသားစုအတွင်း အမြစ်တွယ်လျက်ရှိသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုနှင့် မတရား ပြုကျင့်ခံရမှုမှ ရှင်သန်လွတ်မြောက်လာသူများကို အရှက်ရစရာအဖြစ် ရှုမြင်တတ် ကြသည်။ လိင်အကြမ်းဖက်ခံရမှု ဖြစ်ပွားပြီးနောက် ရှင်သန်လွတ်မြောက်လာသူများကို အတင်းအဖျင်း ပြောဆိုတတ်သည့် ဆိုးရွားသောအကျင့်သည် သူတို့အတွက် ထပ်ဆင့်ခွဲခြားဖိနှိပ် ဆက်ဆံခြင်းပင်ဖြစ်သည်။ ရှင်သန်လွတ်မြောက်လာသူများ ပြန်လည်နာလန်ထူ နိုင်ရေးကို ကူညီပံ့ပိုးပေးရမည့်အစား ပုတ်ခတ်ပြော ဆိုမှုများသည် ရှင်သန်လွတ်မြောက်လာသူများ၏ စိတ်ပိုင်းဆိုင် ရာနှင့် ရုပ်ပိုင်းဆိုင်ရာနာကျင်

မှုများကို ပိုဖြစ် စေသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး မှ ဝမ်းနည်းစွာဖွင့်ဟပြောကြားခဲ့သည်မှာ "အဲ့လိုဖြစ်ခဲ့တာကြောင့် ကျွန်မဟာ အပြင်ထွက်ဖို့ကို တော်တော်လေး ရှက်တယ်၊ ကြောက်တယ်၊ ပြီးတော့ နေလို့ထိုင်လို့လည်း မကောင်းတော့တဲ့အပြင် အိပ်လို့လဲ မပျော်တော့ဘူး။ ရွာထဲမှာ မျက်နှာမပြရဲဘူး။ ရွာထဲကလူတွေရဲ့ စိတ်နာစရာကောင်းတဲ့ အတင်းအဖျင်းတွေနဲ့ ဆိုးဆိုးရွားရွား ဝေဖန်မှုတွေကို ခါးစည်းခံရတယ်။ ကျွန်မကြောင့် ကျမမိသားစုလဲ ရပ်ရွာလူထုရဲ့ စေ့စေ့ကြည့်တာခံရတော့ သူတို့လည်း အိမ်ထဲကအိမ်အပြင် ထွက်တောင်မထွက်ရဲကြတော့ဘူး" ဟု သက်သေထွက်ဆိုခဲ့သည်။[20]

ရှာဖွေတွေ့ရှိချက်တစ်ခုအရ ရှင်သန်လွတ်မြောက်လာသူများသည် ပြစ်တင်ပြောဆိုခံရခြင်းနှင့် ဖယ်ကျဉ်ခံရခြင်းကို ရပ်ရွာအသိုင်းအဝိုင်းကသာမဟုတ်ဘဲ မိသားစုဝင်များထံမှလည်း ခံကြရကြောင်းကို တွေ့ရှိရသည်။ ၎င်းအတွေ့အကြုံများသည် ရှင်သန်လွတ်မြောက်လာသူများအတွက် စိတ်ဒဏ်ရာနှစ်ဆ ဖြစ်စေသည်။ ပဲခူးဒေသမှပါဝင်ဖြေဆို ပေးသူတစ်ဦးက "ရှင်သန်လွတ်မြောက်လာသူက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရမှုနဲ့ စော်ကားခံရမှုအကြောင်း သူ့ခင်ပွန်းသည်ကိုပြောပြတဲ့အခါ ခင်ပွန်းသည်လုပ်သူက ကျူးလွန်တဲ့လူကို အပြစ်တင် ရမဲ့အစားသူ့ကိုအပြစ်တင်တယ်" ဟု ပြောပြခဲ့သည်။[21] ယင်း၏ အကျိုးဆက်အကြောင်းဆက်မှာ လိင်အကြမ်း ဖက်မှုကြုံရသော်လည်း ဖွင့်ဟပြောဆိုတိုင်ကြားမှု မရှိတော့ခြင်းပင်။ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု တွေ့ကြုံရပြီးနောက် ရှင်သန်လွတ်မြောက် လာသူများသည် မိမိကိုယ်ကိုမိမိ ယုံကြည်မှုပျောက်ဆုံးကာ စိတ်လုံခြုံမှုမရှိ နေထိုင်ကြရလေသည်။ ကရင်နီပြည်နယ်မှ ပါဝင်ဖြေဆိုသူတစ်ဦးက "ဒီလိုမျိုး ငါ့ကို ဘာကြောင့် ဖြစ်ရတာလဲဆိုတာကို နားလည်နိုင်ဖို့ထက် ဒေါသထွက် ဝမ်းနည်း ကြောက်စိတ်တွေနဲ့ အရမ်းဖုံးလွှမ်းနေပြီး စိတ်ဒုက္ခစိတ်သောက အကြီးအကျယ်ရောက်ရတယ်" ဟု ပြောပြခဲ့သည်။[22] စစ်ကိုင်းတိုင်းဒေသကြီးမှနောက် ထပ်ဖြေဆိုသူတစ်ဦးကလည်း "ဒီလိုဖြစ်တဲ့အခါ အပျိုစင်ဘဝပျက် သွားတာမို့ သူတို့အတွက် ရှက်စရာအကြီး အကျယ်ဖြစ်ရတယ်၊ ပြုကျင့်ခံရတဲ့ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေရဲ့ ဂုဏ်သိက္ခာကိုလည်း အရမ်းကို ထိခိုက်တာကိုး၊ အဲဒါကြောင့်ဘဲ မုဒိမ်းကျင့်ခံရမှုတွေရှိနေပေမဲ့ တိုင်ကြားမှုနည်းပါးရတဲ့ အကြောင်းရင်းခံဖြစ်နေတာ။ တခါတလေမှာ ရှင်သန်လွတ်မြောက်လာသူတွေက သူတို့ရဲ့အပြုအမူ၊ သူတို့စရိုက်ကြောင့် ကျူးလွန်သူတွေက သူတို့ကိုဒီလိုပစ်မှတ်ထားပြီး လုပ်တာဘဲဖြစ်ရမယ်ဆိုပြီး သူတို့ကိုယ်သူတို့ အပြစ်တင်ကြတယ်" ဟု ပြောပြခဲ့သည်။[23] လေ့လာတွေ့ရှိချက်များအရ ကျူးလွန်ခံရသူကို အပြစ်တင်ပြောဆိုခြင်းသည် ရှင်သန်လွတ်မြောက်လာသူများအား စိုးရိမ်ကြောင့်ကြမှု၊ စိတ်ဓါတ်ကျဆင်းမှု၊ ကြုံတွေ့ရသည့် အဖြစ်အပျက် အပေါ် ရှက်ရွံ့စိတ်ဖြစ်မှု စသည်တို့ကြောင့် စိတ်ဒဏ်ရာလွန်ဖိစီးမှုဝေဒနာ post-traumatic stress disorder (PTSD) ဖြစ်လာကြောင်းကို အတည်ပြုထားပေသည်။ သို့ဖြစ်၍ ၎င်းတို့တိတ်တဆိတ်ခံစားနေရခြင်းမှ ထိုးဖောက်ထွက်ကာ ဖွင့်ဟပြောဆိုတိုင်ကြားမှုပြုလာနိုင်ရန်၊ လူမှုရေးအမည်းစက်ကြီးအဖြစ်ယူဆနေချက်များကို လျှော့ချရန်၊ ၎င်းတို့အတွက် တရားမျှတမှုကိုရှာ ဖွေပေးနိုင် ရန်တို့မှာ ရှင်သန်

20 စစ်ကိုင်းတိုင်းဒေသမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး
21 ပဲခူးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး
22 ကချင်ပြည်နယ်မှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး
23 စစ်ကိုင်းတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

လွတ်မြောက်လာသူများအကြောင်းကို အများပြည်သူ နားလည်သဘောပေါက်လာအောင်၊ အသိတရားတိုးပွားလာအောင် မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ၎င်းတို့အတွက် လုံခြုံမှုရှိသောနေရာတခုအား ဖန်တီးပေးရန် အထူးအရေးကြီးလှပေသည်။

## ၄၊ ၂၊ ၃။ လူကိုယ်တိုင်နှင့် အွန်လိုင်းမှတဆင့် လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများ




မြန်မာနိုင်ငံတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် နှုတ်အားဖြင့် လိင်ပိုင်းဆိုင်ရာမတော်တရော် ထိပါးနှောင့်ယှက်မှုများသည် မိသားစုနှင့် ရပ်ရွာအသိုင်းအဝိုင်းအတွင်း သာမန်ဖြစ်ရိုးဖြစ်စဉ်တစ်ခုကဲ့သို့ ယူဆကြသည်မှာ ခေတ်အဆက်ဆက်များစွာကပင်ဖြစ်သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့နေအိမ် များတွင်း၌သာမကလမ်းပေါ်၊ အများသုံးသယ်ယူပို့ဆောင်ရေးယာဉ်များပေါ်နှင့် အလုပ်လုပ်သည့်နေရာ အလုပ်ခွင်များတွင်ပါ လိင်ပိုင်းဆိုင်ရာထိပါးနှောင့်ယှက်မှုများကို ရင်ဆိုင်ကြရသည်။ သို့သော်လည်း ၂၀၂၁ ခုနှစ် အကြမ်းဖက်စစ်အုပ်စု အာဏာသိမ်းရန် ကြိုးပမ်းသည့်နောက်ပိုင်းတွင် လူကိုယ်တိုင်နှင့် အွန်လိုင်းပေါ်မှ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်မှုဖြစ်စဉ်နှစ်ခုလုံး ပိုမိုမြင့်တက်လာနေခဲ့သည်။ မြန်မာအကြမ်းဖက်စစ်အုပ်စု၏ စစ်သားများနှင့် ၎င်းတို့၏အရပ်သား အာဏာပိုင်များက စစ်ဆေးရေးဂိတ်များတွင် လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုများနှင့် အကြမ်းဖက်မှုများကို နှုတ်ဖြင့် သာမက ကိုယ်ထိလက်ရောက်ကျူးလွန်လျက်ရှိသည်။ ဖြေဆိုသူတစ်ဦးက ၎င်း၏အတွေ့အကြုံကို ပြန်လည်ပြော ပြခဲ့သည်မှာ "စစ်သားတွေက မကြားဝံ့မနာ သာတဲ့စကားတွေနဲ့ ပါးစပ်ကပြောယုံတင်မဟုတ်ဘူး၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုကို ကိုယ်ထိလက်ရောက်ကို လုပ်ကြတာ။ ဒါပေမဲ့ ကျွန်မ ကြောက်လို့ ဘာမှ ပြန်မပြောရဲခဲ့ဘူး။"[24]

24 မကွေးတိုင်းဒေသကြီးမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး

-----

*''ဒီလိုပုံစံမျိုးနဲ့ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခံရတာဟာ ပြောမယ်ဆိုရင် ကျွန်မအတွက်တော့ စိတ်ပိုင်းဆိုင်ရာစော်ကားတာဘဲလို့ ခံစားရတယ်။ အမျိုးသားလိင် အင်္ဂါပုံတွေ၊ သူတို့ရဲ့ဖာသာသူတို့ရိုက်ထားတဲ့ ကိုယ်လုံးတီးပုံတွေကိုပို့လာပြီး အမျိုးသမီးလိင်အင်္ဂါပုံတွေကို ပြန်ပို့ပေး ဆိုပြီး ပြောလာတာတွေ ကြုံရတယ်။ ဒီလိုကိစ္စတွေကို ကျမတို့ အသိုင်းအဝိုင်းကလည်း ပုံမှန်ဖြစ် နေကျကိစ္စလိုဘဲ၊ လက်သင့်ခံနေကြပြီး ဒီကိစ္စဟာ တကယ်ဆိုတော့ ဦးစားပေးဖြေရှင်းဖို့လိုအပ်နေ တဲ့ အရေးကိစ္စတခုလို့မြင်တာ၊ သတိမှတ်တာမတွေ့ရဘူး။ အဲ့လိုနေနေကြတော့ အလှူငွေများများရဖို့ ဆိုရင် ဒီလိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးလာသူတွေ တောင်းဆိုတာကို လိုက်လျောပေးဖို့ အားပေး အားမြှောက်ပြုနေသလို ဖြစ်နေတာပေါ့။ ဒါကြီးကိုက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှု ခံရတာကို တရားတယ်၊ မှန်တယ်လို့ ပြောနေတာနဲ့အတူတူဘဲ''*

-----

လတ်တလော၌ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တော်လှန်ရေးအရှိန်အဟုန် မြင့်တက်လာသည်နှင့်အမျှ လက်နက် ခဲယမ်းအတွက် ရန်ပုံငွေများ ပိုမိုလိုအပ်လာနေသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ၎င်းတို့ကိုယ်တိုင် စည်းရုံးလှုံ့ဆော်၍ အွန်လိုင်းမှတဆင့် တော်လှန်ရေးရန်ပုံငွေရှာဖွေခြင်း လှုပ်ရှားမှုများတွင် စေတနာ့ဝန်ထမ်း များအဖြစ် ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြသည်။ ဤသို့ဆောင်ရွက်ပေးနေသူ အမျိုးသမီးများသည် အွန်လိုင်းမှ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးသူများမှ စာပို့ခြင်း၊ ကာမတဏှာလွှမ်းနေသောစာများပို့ခြင်း၊ မတော်တရော် စကားလုံးများသုံး၍ ကာမဆက်ဆံမှုပြုရန် ပြောင်ပြောင်တင်းတင်းတောင်းဆိုခြင်းတို့ဖြင့် အွန်လိုင်း လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်သူများ၏ ပစ်မှတ်များဖြစ်လာကြသည်။ အွန်လိုင်းမှ လိင်ပိုင်းဆိုင် ရာနှောင့်ယှက်သူ အချို့သည် အလှူ ငွေပိုရလိုပါက “လိင်မှုကိစ္စအား အာသာဖြေပြောဆိုခြင်း” sex chat လုပ်ရန် တောင်းဆိုခံခဲ့ရသည်လည်းရှိသည်။ ပါဝင်ဖြေဆိုသူတစ်ဦးက ဤနှောင့်ယှက်မှုနှင့်ပတ်သက်၍ “ဒီလိုပုံစံမျိုးနဲ့ လိင်ပိုင်းဆိုင်ရာ အနှောင့်အယှက်ပေးခံရ တာဟာ ပြောမယ်ဆိုရင် ကျွန်မအတွက်တော့ စိတ်ပိုင်းဆိုင်ရာစော်ကားတာဘဲလို့ ခံစားရတယ်။ အမျိုးသားလိင် အင်္ဂါပုံတွေ၊ သူတို့ရဲ့ဖာသာသူတို့ရိုက်ထားတဲ့ ကိုယ်လုံးတီးပုံတွေကိုပို့လာပြီး အမျိုးသမီးလိင်အင်္ဂါပုံတွေကို ပြန်ပို့ ပေးဆိုပြီး ပြောလာတာတွေ ကြုံရတယ်။ ဒီလိုကိစ္စတွေကို ကျမတို့ အသိုင်းအဝိုင်းကလည်း ပုံမှန်ဖြစ်နေကျကိစ္စလို ဘဲ၊ လက်သင့်ခံနေကြပြီး ဒီကိစ္စဟာ တကယ်ဆိုတော့ ဦးစားပေးဖြေရှင်းဖို့လိုအပ်နေတဲ့ အရေးကိစ္စတခုလို့ မြင် တာ၊ သတ်မှတ်တာမတွေ့ရဘူး။ အဲ့လိုနေနေကြတော့ အလှူငွေများများရဖို့ဆိုရင် ဒီလိင်ပိုင်းဆိုင်ရာ အနှောင့်အ ယှက်ပေးလာသူတွေ တောင်းဆိုတာကို လိုက်လျော ပေးဖို့

အားပေးအားမြှောက်ပြုနေသလို ဖြစ်နေတာပေါ့။ ဒါကြီးကိုက လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်မှုခံရတာကို တရားတယ်၊ မှန်တယ်လို့ ပြောနေတာနဲ့အတူတူဘဲ”[25] ဟု ပြောကြားခဲ့သည်။ ဤရှာဖွေတွေ့ရှိချက်များသည် ရှင်သန်လွတ်မြောက်လာသူများအပေါ် စိတ်ကျန်းမာရေး၊ လူကျန်းမာရေးနှင့် မိမိကိုယ်ကို တန်ဖိုးထား လေးစားနိုင်မှုအပေါ် ဆိုးရွားသော သက်ရောက်မှုရှိကြောင်းကို အကြွင်းမဲ့ ထောက်ပြလျက်ရှိသည်။

## ၄၊ ၂၊ ၄။ ပြစ်ဒဏ်မှကင်းလွတ်နေခြင်း



လိင်နှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်ကျူးလွန်သူများ အထူးသဖြင့် အကြမ်းဖက်စစ်အုပ်စုသည် ဆယ်စုနှစ်များစွာ ကြာ အပြစ်ပေးခံရခြင်းမှ အပြည့်အဝ ကင်းလွတ်ခွင့်ရနေသည်။ သို့ရာတွင် စစ်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် တရားမဝင်အကြမ်းဖက်စစ်အုပ်စု၏ ပြည်သူ့စစ်များ၊ ပျူစောထီးအဖွဲ့ဝင်များ၊ အကြမ်းဖက်စစ်အုပ်စုခန့်ထားသော ကျေးရွာခေါင်းဆောင်များ၊ ၎င်းတို့၏ လက်ကိုင်တုတ်အရပ်သားများနှင့် အချို့သောတော်လှန်ရေးအဖွဲ့ ဝင်များစသည်ဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကျူးလွန်သူ အမျိုးမျိုးပေါ်ပေါက်လာသည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများစွာ ကျူးလွန်နေကြသော်လည်း ၎င်းပြစ်မှုနှင့်ပတ်သက်၍ ရှင်သန်လွတ်မြောက်လာ သူများအတွက် တရားမျှတမှုရယူရန်မှာ စိန်ခေါ်မှုမြောက်များစွာရှိနေသည်။ အကြမ်းဖက်ရာဇဝတ်ကောင်စစ်အုပ်စု၊ ၎င်းတို့နှင့်ပတ် သက်နေသူများကျူးလွန်ပါက လိင်အကြမ်းဖက်ခံရမှုကို တိုင်ကြားအမှုဖွင့်ခြင်း (သို့မဟုတ်) ရှင်သန်လွတ်မြောက် လာသူများအတွက် တရားမျှတမှုရှာဖွေခြင်းတို့မှာ လုံးဝဖြစ်နိုင်ချေ မရှိပေ။ ယင်း၏ အကျိုးဆက်မှာ ကျူးလွန်သူ များသည် ပြစ်ဒဏ်မှ စင်းလုံးချောကင်းလွတ်ခွင့်ရနေကြပြီး လိင်အကြမ်းဖက်မှုများကိုဆက်လက်ကျူးလွန်နေခြင်း ပင်ဖြစ်သည်။ ပဲခူးတိုင်းဒေသမှ

25 ကရင်နီပြည်နယ်မှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး

ဖြေဆိုပေးသူတစ်ဦးက "အဲဒီလိုင်အကြမ်းဖက်ကျူးလွန်သူဟာ အကြမ်းဖက်စစ်အုပ် စုခန့်ထားတဲ့ ကျေးရွာအုပ်ချုပ်ရေးမှူးလေ။ သူက ရွာသူရွာသားတွေကို ဖိနှိပ်ဖို့ စော်ကားဖို့အတွက် စစ်သားတွေကို ခေါ်,ခေါ်လာတတ်တယ်။ ဆိုတော့ သူက အပြစ်ပေးတာ မခံရဘူး၊ ကင်းလွတ်နေတာဆိုတော့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေကို ခုလိုဆက်လုပ် လို့ရနေတာ" ဟု ပြောကြားခဲ့သည်။[26]

***"အကြမ်းဖက်စစ်အုပ်စုတပ်သားတွေ ရွာထဲအင်နဲ့အားနဲ့ ဝင်လာတဲ့အချိန်မှာ အဲဒီကအမေလုပ်သူနဲ့ သမီးကို ဖမ်းသွားကြတယ်။ အကြမ်းဖက်စစ်အုပ်စုတွေ ရွာထဲကနေပြန်ဆုတ်သွားတဲ့အချိန်မှာ သူတို့နှစ်ယောက်စလုံးကို အုပ်စုလိုက်မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက်သတ်သွားကြတာ။ သမီးဖြစ်သူရဲ့ ခန္ဓာကိုယ်ကို အပိုင်းအပိုင်းခုတ်ဖြတ်ပြီး အမေဖြစ်သူကိုကျတော့ လည်လှီးသတ်ခဲ့တာ။ ဒါပေမဲ့ ကျူးလွန်သူတွေကို ကျွန်မတို့ ဘာဆိုဘာမှလုပ်လို့မရဘူး"***

လက်နက်ကိုင်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေခြင်းသည် ကျူးလွန်သူများကို ၎င်းတို့ ကျူးလွန်ခဲ့သော အပြစ်ဒဏ် မှကင်းလွတ်ခွင့်ရရှိစေသည့် အဓိကအကြောင်းအရင်းများထဲမှတစ်ခု ဖြစ်သည်။ မကွေးတိုင်းဒေသမှ ဖြေဆိုသူတစ်ဦးက "အကြမ်းဖက်စစ်အုပ်စုတပ်သားတွေ ရွာထဲ အင်နဲ့အားနဲ့ ဝင်လာတဲ့အချိန်မှာ အဲဒီက အမေလုပ်သူနဲ့ သမီးကို ဖမ်းသွားကြတယ်။ အကြမ်းဖက်စစ်အုပ်စုတွေ ရွာထဲကနေပြန်ဆုတ်သွားတဲ့အချိန်မှာ သူတို့နှစ်ယောက်စလုံးကို အုပ်စုလိုက်မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက်သတ်သွားကြတာ။ သမီးဖြစ်သူရဲ့ ခန္ဓာကိုယ်ကို အပိုင်းအပိုင်းခုတ်ဖြတ် ပြီး အမေဖြစ်သူကိုကျတော့ လည်လှီးသတ်ခဲ့တာ။ ဒါပေမဲ့ ကျူးလွန်သူတွေကို ကျွန်မတို့ ဘာဆိုဘာမှ လုပ်လို့မရဘူး" ဟု မျက်မြင်သက်သေတစ်ဦးက ထွက်ဆိုထားသည်။[27] ထို့အပြင် ချမ်းသာကွယ်ဝသည့် သာမက အကြမ်းဖက် ရာဇဝတ်စစ်အုပ်စုနှင့် အလွန်ရင်းနှီးသူများ လိင်အကြမ်းဖက်မှုကျူးလွန်ကြပါက ဥပဒေကြောင်းအရအရေးယူခံရမှု (သို့မဟုတ်) တာဝန်ယူမှုမရှိဘဲ အမျိုးသမီးများအပေါ် လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများ၊ လိင်ပိုင်းဆိုင်ရာ ထိပါးနှောင့်ယှက်စော်ကားမှုများကို ဆက်လက်ကျူး လွန်နေကြသည်ကိုတွေ့ရသည်။ ပြစ်မှုကျူးလွန်သူများသည် ၎င်းတို့ကျူးလွန်ခဲ့သည်ကို ခြိမ်းခြောက်၍တမျိုး (သို့မဟုတ်) နစ်နာကြေးအဖြစ် ငွေအနည်းငယ်သည်ကတဖုံနှင့် ရှင်သန်လွတ်မြောက်လာသူများအား အတင်းအဓမ္မကြေ အေးဖြေရှင်းရန် လုပ်လေ့ရှိကြသည်။

26 ပဲခူးတိုင်းဒေသကြီးမှ မျက်မြင်သက်သေတစ်ဦး
27 မကွေးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

တော်လှန်ရေးတပ်ဖွဲ့များ ကျူးလွန်သောကြောင့် တိုင်ကြားလာသည့်အမှုများစွာမှာလည်း ကျူးလွန်သူများအပေါ် ဥပဒေကြောင်းအရ အရေးယူခြင်း (သို့မဟုတ်) တာဝန်ယူတာဝန်ခံခိုင်းမှုများ မရှိခြင်းသည့်အပြင် အချို့အမှုများအား မှားယွင်းစွာကိုင်တွယ်စီမံမှုနှင့် ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုရရှိအောင် လုပ်မပေးနိုင်ဘဲ ပျက်ကွက်မှုများစွာရှိနေသည်။ အချို့သောအဖြစ်အပျက်များတွင် မြန်မာ့အမျိုးသမီးသမဂ္ဂမှ မှတ်တမ်းတင်ထား သောအချက်အလက်များအရ တော်လှန်ရေးအဖွဲ့ဝင်များကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ဒေသခံအာဏာပိုင်များထံ တိုင်ကြားခဲ့သော်လည်း ကိုင်တွယ်ဖြေရှင်းပေးခဲ့ခြင်း အလျဉ်းမရှိဘဲ အသံတိတ်နေကြခြင်းပင်။ အချို့ကဤသို့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအကြောင်း ထုတ်ဖော်ပြောဆိုခြင်းသည် တော်လှန်ရေးဂုဏ် သိက္ခာကို ထိခိုက်သည်ဟုယူဆကြသည်။ စစ်ကိုင်းတိုင်းဒေသမှ ဖြေဆိုသူတစ်ဦးက "လိင်အကြမ်းဖက်မှုကျူးလွန် သူက တော်လှန်ရေးမှာ တက်တက်ကြွကြွ ပါဝင်နေတာကြောင့် သူ့ကိုပြစ်ဒဏ် မချဘဲ ကင်းလွတ်ခွင့်ပေးထားတယ်။ သူ့ပြစ်မှုအတွက် တာဝန်ယူခိုင်းတာ၊ တာဝန်ခံခိုင်းတာ၊ အရေးယူ ဆောင်ရွက်ခဲ့တာတွေ တခုမှမလုပ်ခဲ့ဘူး။ ဒါကြောင့် ဒီဖြစ်ပျက်နေသမျှတွေကို ကျွန်မတို့မှာ ခံနိုင်ရည်ရှိအောင် အောင့်ခံတောင့်ခံကြရတဲ့ အနေအထားဘဲ" ဟု ပြောကြားခဲ့သည်။[28] စစ်ကိုင်းတိုင်းဒေသမှ အခြားဖြေ ဆိုသူတစ်ဦးကလည်း "အမျိုးသားညီညွတ်ရေး အစိုးရနဲ့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့ဝင်တွေ ကျူးလွန်တဲ့ အမှုတွေဆိုရင် ရှင်သန်လွတ်မြောက်လာသူက အမျိုးသားညီညွတ်ရေး အစိုးရရဲ့ ပြည်သူ့အုပ်ချုပ်ရေးအဖွဲ့ကို တိုင်ကြားရင်တောင်မှ သူတို့က အမှုတွေကို ဖုံးကွယ်ထားတာမျိုး၊ ကျူးလွန် သူတွေကို လျှို့ဝှက်ထား ပေးတာမျိုး၊ ဘာမှအရေးယူမှု မလုပ်တာမျိုးတွေရှိတယ်။ ရှင်သန်လွတ်မြောက်လာသူတွေ နဲ့ မိသားစုဝင် တွေဟာ ဖိအားပေးခြောက်လှန့်တာ၊ ခြိမ်းခြောက်တာတွေကို ခံနေရတာကြောင့် သူတို့ရဲ့ ဘေးကင်း လုံခြုံရေးအတွက် သူတို့စိုးရိမ်နေကြရတယ်။ အဲ့လိုနဲ့ဘဲ လိင်အကြမ်းဖက်မှုကျူးလွန်သူက အပြစ်ပေးမခံရဘဲ လွတ်မြောက်နေတာဖြစ်တယ်" ဟု ပြောကြားခဲ့သည်။[29]

သို့ရာတွင် အခြားတဖက်၌ လိင်အကြမ်းဖက်ခံရမှုကို ဖွင့်မပြောဘဲ တိတ်တဆိတ်နေခြင်းသည်လည်း ကျူးလွန်သူ များအား ထိုသို့သောရာဇဝတ်မှုများကို ဆက်လက်ကျူးလွန်ရန် အားပေးအားမြှောက်ပြုရာရောက်ပြီး တော်လှန်ရေးအတွင်း ပြစ်ဒဏ်ကင်းလွတ်ခွင့်ယဉ်ကျေးမှုပျံ့နှံ့ကာ တော်လှန်ရေးအပေါ်ယုံကြည်ကိုးစားမှုကို ထိခိုက်နိုင်သည်ဟု ယုံကြည်ကြသူ အမြောက်အမြားရှိကြသည်။ ထို့ကြောင့် အမျိုးသမီးတက်ကြွလှုပ်ရှား သူတစ်ဦးက တော်လှန်ရေး ကာလအတွင်း လိင်နှင့်ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု အဖြစ်အပျက်များ နှင့်ပတ် သက်၍ ရှင်သန်လွတ်မြောက်လာ သူများအားလုံး တိတ်တဆိတ်မနေဘဲ ထုတ်ဖော်ပြောဆိုကြရန် တိုက်တွန်း ပြောကြားခဲ့သည်။

"ကျူးလွန်သူတွေ သူတို့ရဲ့လုပ်ရပ်တွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိဖို့နဲ့ ပြစ်ဒဏ်ကကင်းလွတ်ခွင့်ရနေတာကို အဆုံးသတ်ဖို့ အတွက် ကျွန်မတို့ ထုတ်ဖော်ပြောဆိုဖို့လိုတယ်။ လိင်အကြမ်းဖက်ခံရမှုတွေကို ထုတ်ဖော်ပြောဆိုခြင်းဟာ ရှင်သန် လွတ်မြောက်လာသူတွေအတွက်

28 စစ်ကိုင်းတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး
29 စစ်ကိုင်းတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

ကူညီပံ့ပိုး ပေးရာမှာ အရမ်းအရေးကြီးသလို အဲ့လိုထုတ်ပြောမှသာ ပြစ်မှုကျူးလွန် သူတွေ ပြစ်ဒဏ်က ကင်းလွတ် ခွင့်ရနေတာကို အဆုံးသတ်လို့ရမယ်။ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် သူတို့တတွေရဲ့ စိတ်ဒဏ်ရာတွေကို ကုစားပေး နိုင်မှာဖြစ်ပြီး တရားမျှတမှုကိုလည်း ရှာဖွေရယူနိုင်ဖို့ အထောက်အကူဖြစ်တယ်။ ဒါဟာ နောင်တချိန် မှာဖြစ်ပေါ် လာနိုင်တဲ့ လိင်အကြမ်းဖက်မှုတွေကို တားဆီးကာကွယ်ဖို့ အတွက် ကျွန်မတို့အသံ တွေကို ဒီထက် ကျယ်ကျယ် ထုတ်ဖော်ပြောဆိုဖို့လိုတယ်။ ဒီကာလအတွင်းမှာ လိင်အကြမ်းဖက်မှုတွေကို ထုတ်ဖော် ရင်းကနေ အကာအကွယ် ထိထိရောက်ရောက်ပေးနိုင်တဲ့ စနစ်ယန္တရားတွေ ထွက်ပေါ်လာအောင် တွန်းအားပေး နိုင်သလို မူဝါဒအပြောင်းအလဲတွေဖြစ်ဖို့လဲ ဖော်ဆောင်နိုင်လိမ့်မယ်။ နောက်ဆုံးအနေနဲ့ မြန်မာနိုင်ငံမှာ လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်ခံရမှုကို ရှက်စရာအတိလို့မြင်တတ်ကြတဲ့ လူမှုဓလေ့ထုံး စံနှုန်းတွေနဲ့ ပုံစံခွက်ချ သတ်မှတ် တာတွေရဲ့ ဆိုးကျိုးသက်ရောက်မှုတွေကို ကျွန်မတို့ ဖြိုဖျက်ပစ်နိုင်ရမယ်။ အဲ့လိုရှိနေတဲ့စိတ်ဓါတ်ကို ချိုးဖောက်ပယ်ဖျက်ဖို့အတွက် ကျွန်မတို့ ထုတ်ဖော်ပြောဆိုမှ ရမယ်။ ဒါဟာ အကြမ်းဖက်ခံရသူတွေက ရှက်ရကြောက်ရမဲ့ အဖြစ်အပျက်မဟုတ်ဘူး။ ကျူးလွန်သူ စော်ကားသူတွေကသာ ရှက်သင့်ကြောက်သင့်တဲ့ အဖြစ်အပျက် ဖြစ်တယ်” ဟု ပြောကြားခဲ့သည်။

# ၅။ ရှင်သန်လွတ်မြောက်လာသူများအပေါ် သက်ရောက်မှုများ



## ၅၊ ၁။ စိတ်ကျန်းမာရေး (ရှင်သန်လွတ်မြောက်လာသူများ)

လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုခံရပြီးနောက် ရှင်သန်လွတ်မြောက်လာသူများသည် လူမှုအသိုင်းအဝန်းအတွင်း ခိုင် ခိုင်မာမာအမြစ်တွယ်နေသည့် လူမှုရေးဆိုင်ရာဖိအားများနှင့် လူမှုဘဝစံနှုန်းများကြောင့် ၎င်းတို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတို့တွင် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ ခံစားကြရသည်။ အကြောင်းဆက်အနေ ဖြင့်ရှင်သန်လွတ်မြောက်လာသူအချို့သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံခဲ့ရမှုကို မိမိကြောင့်သာဖြစ်သည်ဟု မိမိကိုယ်မိမိ အပြစ်တင်လာကြသည်။ ကြမ်းတမ်းရက်စက်လှသည့် လိင်ပိုင်းဆိုင်ရာ နှောက်ယှက်မှု၊ အကြမ်းဖက်ခံရမှု များကြုံတွေ့ရပြီးနောက် မိမိကိုယ်မိမိ ယုံကြည်မှုကင်းမဲ့လာခြင်းနှင့် တန်ဖိုးထားမှုနည်းပါးလာခြင်းတို့ဖြစ်လာသည်။ ဆိုးရွားသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသည့် အမျိုးသမီးတစ်ဦးက “အစပိုင်းမှာ ကျွန်မ တွေးတာက ‘ဒါဟာ ငါ့အမှားကြောင့် ဖြစ်တာလား၊ ငါ့ရဲ့ဘဝ နေပုံထိုင်ပုံတွေကြောင့် ဒီလိုလိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှုနဲ့ အကြမ်းဖက်မှုကို ဖြစ်အောင်များလုပ်ခဲ့ လေသလား’ ဆိုပြီး အမြဲတွေးတယ်၊ စဉ်းစားတယ်။ အဲ့ခါကျတော့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေ ပျောက်ဆုံး လာပြီးကြောက်ရွံ့စိတ်တွေ ခံစားရတယ်။ အဲဒီခံစားချက်က တော်တော်ကြီးကိုကြာတယ်၊ မပျောက်နိုင်ဘူး” ဟု ဖော်ပြခဲ့သည်။[30] ထို့အပြင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ဖြစ်ပွားပြီးနောက် ကျူးလွန်သူနှင့် တစ်နေရာထဲတွင် နေထိုင်ရခြင်းသည်လည်း ရှင်သန်လွတ်မြောက်လာသူများအတွက် စိတ်ဒုက္ခအလွန်ပေးသည့်အချက်ဖြစ်သည်။ ရှင်သန်လွတ်မြောက်လာသူများ စိတ်ပျက်ဝမ်းနည်းခြင်း၊ စိတ်ဓာတ်ကျခြင်း တို့ကြောင့် အပြင်ထွက်ရန်ပင် ကြောက်ရွံ့ဝန်လေးလာ

30 ကရင်နီပြည်နယ်မှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး

ကြသည်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ရှင်သန်လွတ်မြောက် လာသူတစ်ဦးက "ကျွန်မ အရမ်းကြောက်လန့်ပြီး အပြင်တောင် မထွက်ရဲဘူး။ ဘယ်ကိုသွားလို့ ဘာလုပ်ရမှန်းလဲ မသိတော့ဘူး။ အဲဒီလူ (ပြစ်မှုကျူးလွန်သူ) ကိုမြင်တိုင်းမှာ ကျွန်မ စိတ်အနှောင့်အယှက်ဖြစ်ပြီး စိတ်ဖိစီးတာတွေ ဖြစ်လာရော" ဟု ဖွင့်ဟပြောဆိုခဲ့သည်။[31] အဆိုပါဖြစ်ရပ်များသည် ရှင်သန်လွတ်မြောက်လာသူများကို စိတ်ပိုင်းဆိုင်ရာနှင့်လိင်ပိုင်း ဆိုင်ရာ စိတ်ဒဏ်ရာများနှင့်တကွ ဆိုးရွားသောသက်ရောက်မှုများ ထားခဲ့တတ်သည်။

## ၅၊ ၂။ အသက်မွေးဝမ်းကျောင်းမှု

တရားမဝင်အကြမ်းဖက်ရာဇဝတ်စစ်အုပ်စု၏ အာဏာသိမ်းရန်ကြိုးပမ်းမှုသည် နိုင်ငံအတွင်း ဆိုးရွားသောစီးပွား ရေးအကျပ်အတည်းနှင့် အသက်မွေးဝမ်းကျောင်းမှု ပျက်စီးဆုံးရှုံးခြင်း၊ အလုပ်လက်မဲ့နှုန်း အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအကြား နေ့စဉ်နှင့်အမျှတိုးလာခြင်းကို ဦးတည်နေပေသည်။ ဤအခြေအနေသည် ၎င်းတို့အား ထိလွယ်ခိုက်လွယ်သော အခြေအနေသို့ တွန်းပို့နေပြီး အလုပ်လုပ်ကိုင်ရာလုပ်ငန်းခွင်အတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရနိုင်သည့်အန္တရာယ် ကျရောက်နိုင်လာသည်။ မြန်မာ့အမျိုးသမီးသမဂ္ဂမှ ကောက်ယူထားသော မူရင်းအချက်အလက်များအရ အမျိုးသမီးများနှင့် မိန်းကလေးများသည် ၎င်းတို့၏ အလုပ်ရှင်များ၏ လိင်ပိုင်းဆိုင်ရာ စော်ကားမှုနှင့် နှောင့်ယှက်မှုများကို ခံနေရသော်လည်း တမိသားစုလုံးအား လုပ်ကိုင်ကျွေးမွေးနေရသူများဖြစ်ရကား ထိုစော်ကားနှောင့်ယှက်မှုများကို မတတ်သာဘဲ သည်းညည်းခံ ကြရသည်။ ပဲခူးတိုင်းဒေသမှ ဖြေကြားသူတစ်ဦးက "ဒီလို ခက်ခဲကြပ်တည်းနေတဲ့ အချိန်မှာ အလုပ်ပြုတ်သွား မှာကို ကျွန်မကြောက်တယ်။ ဒါကြောင့် လိင်ပိုင်းဆိုင်ရာ စော်ကားနှောင့်ယှက်မှုအားလုံးကို ကျွန်မအောင့်အီးခံနေရတယ်" ဟု ဖော်ပြခဲ့သည်။[32] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမဖြစ်ပွားမီက အသက်မပြည့်သေးသော ရှင်သန်လွတ်မြောက်လာသူ တစ်ဦးသည် ကျူးလွန်သူ၏အိမ်တွင်အိမ်အကူအဖြစ် လုပ်ကိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ၎င်းအလုပ်မှထွက်ခဲ့လိုက်သည်။ ပဲခူးတိုင်းဒေသမှ ပါဝင်ဖြေကြားသူ တစ်ဦးက "ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်တွေရောက်ရင် ကလေးမလေးကို သူ့အမေက စစ်တပ်ကခန့်ထားတဲ့ ကျေးရွာအုပ်ချုပ် ရေးမှူးရဲ့အိမ်မှာ အိမ်အကူလုပ်ဖို့ သွားပို့ထားလေ့ရှိတယ်။ အဲဒီလူက သူ့မိန်းမအိမ်အပြင်ထွက် သွားတိုင်းမှာ အဲဒီကလေးမလေးကို အကြိမ်ကြိမ်မုဒိမ်းကျင့်တာ" ဟု မျက်မြင်သက်သေက ပြောပြခဲ့သည်။[33] အချို့သော ရှင်သန်လွတ်မြောက်လာသူများသည် လိင်ပိုင်းဆိုင်ရာစော်ကားမှုနှင့် နှောင့်ယှက်မှုခံရမည်ကို စိုးရိမ်သော ကြောင့် ၎င်းတို့၏ စီးပွားရေးလုပ်ငန်းများ (ဈေးဆိုင်များ) ကိုပင် အပြီးပိတ်ပစ်ခဲ့ကြရသည်။

---

31 စစ်ကိုင်းတိုင်းဒေသမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး
32 ပဲခူးတိုင်းဒေသမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး

33 ပဲခူးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

-----

**“ကျွန်မနဲ့ ကျွန်မမိသားစုက ဒီဖြစ်ရပ်တွေကြောင့် ရပ်ရွာလူထုက အဆက်မပြတ်စောင့်ကြည့်တာ ခံရတယ်။ ရွာထဲကလူတွေက ကျွန်မတို့အကြောင်း အတင်းအဖျင်းတွေပြောနေကြတော့ ကျွန်မရဲ့မိသားစုက ရှက်ရွံ့သိမ်ငယ်ပြီး အပြင်တောင်မထွက်ရဲကြတော့ဘူး။ ကျွန်မအဖေလဲ စိတ်အရမ်းဖိစီးလွန်းတော့ သူလုပ်နေကျ သူ့လယ်အလုပ်ကို သူပစ်ထားလိုက်ပြီ၊ ဆက်လုပ်ဖို့ဆိုတာ သူ့မှာခွန်အားတွေလဲမရှိ တော့လို့နေမှာ”**

-----

လိုင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများကိုယ်တိုင်သာမက ၎င်းတို့၏ မိသားစုဝင်များ၏ လုံခြုံရေးစိုးရိမ်ရမှု၊ အလုပ်အကိုင်အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းအတွက် စိုးရိမ်ကြောင့်ကြမှု၊ ရပ်ကွက် ကျေးရွာရှိလူအများက အမည်းစက်ရှိသူများအဖြစ် ဖယ်ကျဉ်ခံရမှုစ သည်ဖြင့် ဆိုးကျိုးသက်ရောက်မှု ကိုခံကြ ရသည်။ အချို့ဖြစ်ရပ်များတွင် ချိုးဖောက်ကျူးလွန်သူများ၏ ခြိမ်းခြောက် မှုကြောင့်ရှင်သန်လွတ်မြောက် လာသူများနှင့် ၎င်းတို့၏မိသားစုတစုလုံးမှာ ဘေးကင်းရာသို့ အရေးပေါ် ထွက်ပြေး ပြောင်းရွှေ့ကြရသည်လည်းရှိသည်။ ထို့အပြင် လူမှုရေးဖိအားနှင့် အမည်းစက်ရှိသူများဟု အထင်ခံရခြင်းကြောင့် မိသားစုဝင်များက ကျူးလွန်သူ များကို အပြစ်တင်ရမည့်အစား ၎င်းတို့ဖာသာ အရှက်တကွဲဖြစ်ရလေခြင်းဟု သိမ်ငယ်စွာ ခံစားမှုဖြစ်ကြသည်။ စစ်ကိုင်းတိုင်းဒေမှ အသက်ရှင်ကျန်ရစ်သူတစ်ဦးက “ကျွန်မနဲ့ ကျွန်မ မိသားစုက ဒီဖြစ်ရပ်တွေကြောင့် ရပ်ရွာလူထုက အဆက်မပြတ်စောင့်ကြည့်တာ ခံရတယ်။ ရွာထဲကလူတွေက ကျွန်မတို့အကြောင်း အတင်းအဖျင်းတွေပြောနေကြ တော့ ကျွန်မရဲ့မိသားစုက ရှက်ရွံ့သိမ်ငယ်ပြီး အပြင်တောင်မထွက်ရဲကြတော့ဘူး။ ကျွန်မအဖေလဲ စိတ်အရမ်းဖိစီး လွန်းတော့ သူလုပ်နေကျ သူ့လယ်အလုပ်ကို သူပစ်ထားလိုက်ပြီ၊ ဆက်လုပ်ဖို့ဆိုတာ သူ့မှာ ခွန်အားတွေလဲမရှိ တော့လို့နေမှာ” ဟု ပြောကြားခဲ့သည်။[34] မိသားစုဝင်များသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် စော်ကားခံရမှုတို့၏ အကျိုးဆက်များစွာကြောင့် ရုန်းကန်ရှင်သန်နေရကြောင်း ဤရှာဖွေတွေ့ရှိချက်က ရှင်းလင်းစွာ ဖော်ပြလျက်ရှိ သည်။ စစ်ကိုင်းတိုင်း ဒေသကြီး၌ဖြစ်ပွားခဲ့သည့် ဝမ်းနည်းဖွယ်ရာနောက်ဖြစ်ရပ်မှာ အသက် (၈၇) အရွယ် အမယ်အို မိခင်အား ပြုစုစောင့်ရှောက်နေသော အမျိုးသမီးတစ်ဦးအား အကြမ်းဖက်စစ်အုပ်စု၏ ရာဇဝတ်ကောင်စစ်သားများက မုဒိမ်းကျင့်ပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ခြင်းပင်ဖြစ်သည်။ တစ်ဦးတည်းကျန်ရစ်သော မိသားစုဝင်မှာ အကူအ ညီမဲ့နေသည့် အသက် (၈၇) အရွယ်မိခင်အိုဖြစ်ပြီး ယခုအခါ သူမအားပြုစုစောင့်ရှောက်ပေးမည့်သူ တစ်ဦးတစ် ယောက်မျှ မရှိတော့ပေ။

34 စစ်ကိုင်းတိုင်းဒေသမှ ရှင်သန်လွတ်မြောက်လာသူတစ်ဦး

...

ကျွန်မတို့ရွာက အကြမ်းဖက်စစ်အုပ်စုတပ်နဲ့
တော်လှန်ရေးအဖွဲ့တွေရဲ့ တပ်တွေကြားမှာရှိနေတော့
ရွာသားတွေက ဒီလိုအမှုကိစ္စတွေမှာ ဝင်ပါဖို့အတင်း
ကြောက်ကြတယ်၊ နောက်ဆက်တွဲပြဿနာတွေ
ဖြစ်လာမှာကို ကြောက်တာလဲပါတယ်။

...

## ၆။ တရားမျှတမှုရရှိရေး



### ၆၊ ၁။ အကာအကွယ်ပေးမှုနှင့် ကြိုတင်တားဆီးကာကွယ်မှုများ ကင်းမဲ့ခြင်း

နိုင်ငံတကာနှင့် ဒေသတွင်းဆိုင်ရာအမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်၌လက်နက်ကိုင် ပဋိပက္ခ များအတွင်း အမျိုးသမီးများကို အကာအကွယ်ပေးရေးနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင် ရာအကြမ်း ဖက်မှုမဖြစ်ရေး ကြိုတင်ကာကွယ်ခြင်းတို့အား အလေးထားဖော်ပြထားသည်။ ၎င်းတို့သည် ဂျဲန်ဒါ အခြေပြုအကြမ်း ဖက်မှုများဖြစ်သည့် မုဒိမ်းမှု၊ အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအမျိုးမျိုးနှင့် လူ့အခွင့် အရေးချိုးဖောက်ခံရမှုများ မှ ထိရောက်စွာကာကွယ်ပေးသည့် မူဘောင်များဖြစ်သည်သာမက လက်နက် ကိုင်ပဋိပက္ခ ဖြစ်ပွားနေစဉ်အတွင်း

နှင့် ဖြစ်ပွားပြီးနောက်တွင်လည်း အမျိုးသမီးအခွင့်အရေးဖြစ်သည့် ငြိမ်းချမ်း ရေးလုပ်ငန်းစဉ်များ၌ ပါဝင်နိုင်ရေးကိုပါ အာမခံပေးထားသည်။ သို့သော်လည်း ဤမူဘောင်များက မြန်မာနိုင်ငံရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပကတိအခြေအနေကို လျစ်လျူရှုထားပေရာ ၎င်းတို့သည် ဂျဲန်ဒါအခြေပြု လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် မှုအပါအဝင် အမျိုးမျိုးသော လူ့အခွင့်အရေးချိုးဖောက်ခံရမှုများ မှ အကာအကွယ် ကင်းမဲ့ လျက်ရှိနေသည်။ ထိုသို့ အကာအကွယ်ကင်းမဲ့နေသည့် အခြေအနေမှာ တရားမဝင်အကြမ်း ဖက်စစ်အုပ်စုမှ အပြည့်အဝ ထိန်းချုပ်ထားသော နယ်မြေဒေသများတွင် ပိုမိုဆိုးရွားလျက်ရှိသည်။ သက်သေခံထွက် ဆိုချက်များ အရ အကြမ်းဖက်စစ်အုပ်စု၊ ၎င်း၏ရာဇဝတ်သား တပ်ဖွဲ့ဝင်များနှင့် လက်အောက်ခံအဖွဲ့အစည်းများက ကျူးလွန် သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအားလုံးကို တိုင်ကြားရန်နေရာ တစ်နေရာမျှ မရှိပေ။ တုံ့ပြန်ဖြေ ကြားပေးသူတစ်ဦးက "ကျွန်မတို့ရွာက အကြမ်းဖက်စစ်အုပ်စုတပ်နဲ့ တော်လှန်ရေးအဖွဲ့တွေရဲ့ တပ်တွေကြားမှာရှိ နေတော့ ရွာသားတွေက ဒီလိုအမှုကိစ္စတွေမှာ ဝင်ပါဖို့အရမ်းကြောက်ကြတယ်၊ နောက်ဆက်တွဲ ပြဿနာတွေ ဖြစ် လာမှာကို ကြောက်တာလဲပါတယ်" ဟု ပြောပြခဲ့သည်။[35] အရပ်သားများသည် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရပါက တရားမျှတမှုရရှိရေး မဆိုထားနှင့်၊ အမှုတိုင်ကြားရန်၊ အကာအကွယ်ရရေး အကူအညီတောင်းရန်ပင် ကြောက်ရွံ့နေရရုံသာမက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဖြစ်ရပ်များ ကြုံတွေ့လာ လျှင်လည်း တိတ်ဆိတ်စွာကျော်ဖြတ်ကြရသည်။

-----

***"သူတို့က အကြမ်းဖက်စစ်အုပ်စုရဲ့ စစ်သားတွေဖြစ်နေတဲ့အတွက် ကျွန်မတို့က သူတို့ကို ဘယ်တရားဥပဒေနဲ့မှ အရေးယူ လို့မရဘူးဖြစ်နေတာ။ ဒါ့အပြင် ကျွန်မတို့မိသားစုဝင် ထဲမှာလဲ တော်လှန်ရေးမှာ ပါနေတဲ့လူတွေရှိနေတော့ ကျွန်မတို့ကိုပါ လာဖမ်းမှာကိုလဲ ကြောက်နေရသေးတယ်"***

-----

လက်ရှိဖြစ်ပွားနေသည့် ပဋိပက္ခသည် ရှင်သန်လွတ်မြောက်လာသူများအတွက် အဓိက စိန်ခေါ်မှုများနှင့် အတားအဆီးများထဲမှ တစ်ခုဖြစ်သည်၊ အထူးသဖြင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်သူများမှာ လက်နက်ကိုင်အဖွဲ့ အစည်းများထဲမှဖြစ်နေပါက တိုင်ကြားမှုမလုပ်ကြတော့ပေ။ အထူးသဖြင့် အကြမ်းဖက်ရာဇ ဝတ်သားစစ်အုပ်စုက အပြည့်အဝထိန်းချုပ်ထားသော နယ်မြေဒေသများအတွင်း၌ဖြစ်ပါက ရာဇဝတ်သား စစ်တပ်၊ ပျူစောထီးအဖွဲ့နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ ကျူးလွန်ထားသည့် လိင်အကြမ်းဖက်မှုများအား ရှင်သန်လွတ်မြောက်လာသူများက ထုတ်ဖော်ပြောဆိုခြင်း မပြုကြပေ။ ဖြေကြားသူတစ်ဦးက "သူတို့က အကြမ်းဖက်စစ်အုပ်စုရဲ့ စစ်သားတွေဖြစ်

35 ပဲခူးတိုင်းမှ မျက်မြင်သက်သေတစ်ဦး

နေတဲ့ အတွက် ကျွန်မတို့က သူတို့ကို ဘယ်တရားဥပဒေနဲ့မှ အရေးယူ လို့မရဘူးဖြစ်နေတာ။ ဒါ့အပြင် ကျွန်မတို့မိသားစုဝင် ထဲမှာလဲ တော်လှန်ရေးမှာ ပါနေတဲ့လူတွေရှိနေတော့ ကျွန်မတို့ကိုပါ လာဖမ်းမှာကိုလဲ ကြောက်နေရသေးတယ်” ဟု သူမကပြောပြခဲ့သည်။[36] ထို့ကြောင့် ရှင်သန်လွတ်မြောက်လာသူအချို့သည် လက်စားချေလက်တုံ့ပြန်ခံရမည်ကို စိုးရိမ်သောကြောင့် အရေးပေါ် အကူအညီ များကိုပင် လက်ခံရယူရန် မဝံ့ရဲကြပေ။ မျက်မြင်သက်သေတစ်ဦးက ထပ်လောင်းပြောပြသည်မှာ “အကြမ်း ဖက်စစ်တပ်က မြို့ကိုသိမ်းထားတယ်၊ ထိန်းချုပ်ထားတယ်၊ ပြစ်မှုကျူးလွန်သူက စစ်တပ်ကို ထောက်ခံတဲ့အမာခံ၊ ဒါ့အပြင် သူကချမ်းလည်းချမ်းသာတယ်၊ ဆိုတော့ သူဘာဘဲလုပ်လုပ် အကြမ်းဖက် ခံရသူတွေရဲ့ လုံခြုံရေးကိုစိုးရိမ်ရတာကြောင့် ဘယ်သူမှ၊ ဘာမှမပြောရဲသလို အရေးလည်းမယူရဲကြဘူး” ဟု ဖွင့်ဟပြောဆိုခဲ့သည်။[37] ထို့အပြင် တော်လှန်ရေးအဖွဲ့များအတွင်း ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို လုံခြုံရေးအန္တရာယ်အခြေအနေကြောင့် ထိုအမှုများမှ ရှင်သန်လွတ်မြောက်လာသူအချို့ရှိပါလျက် တွေ့ဆုံမေးမြန်းမှု မပြုလုပ်နိုင်ခဲ့ပေ။ သို့သော်လည်း သက်သေခံများ၏ပြောပြချက်များအရမူ အရပ်သားများ၊ ပြည်သူ့ ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် လက်နက်ကိုင်အဖွဲ့ဝင်များကကျူးလွန်သည့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အများစုကို သက် ဆိုင်ရာလွတ်မြောက်နယ်မြေများရှိ အုပ်ချုပ်ရေးယူနစ်များထံ တိုင်ကြားတင်ပြကြကြောင်း သိရသည်။

## ၆၊ ၂။ ပဋိပက္ခအခြေအနေအတွင်း ရိုးရာအစဥ်အလာအရ ခွဲခြားနှိမ်ချဆက်ဆံခြင်းနှင့် ထိခိုက်နစ်နာစေသည့် အလေ့အထများ



မြန်မာနိုင်ငံသည် တိုင်းရင်းသားလူမျိုးစု မျိုးနွယ်စုပေါင်းများစွာ အခြေချနေထိုင်ရာနိုင်ငံ ဖြစ်ပြီး တိုင်းရင်းသား လူမျိုးစုတစုချင်းစီတိုင်းတွင် တမူထူးခြားလှပသည့် ရိုးရာဓလေ့များရှိကြသည်။ သို့သော်လည်း လူမှုအသိုင်းအဝန်းအတွင်း အမြစ်တွယ်နေသည့် ဖိုဝါဒကြီးစိုးမှုကြောင့်

36 ရှင်သန်လွတ်မြောက်လာသူ၏ မိသားစုဝင်မျက်မြင်သက်သေတစ်ဦး

37 ပဲခူးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား အန္တရာယ်ဖြစ်စေသည့် ရိုးရာဓလေ့၊ အလေ့အထအချို့လည်း ရှိနေသည်။ အထူးသဖြင့် လိင်ပိုင်းဆိုင် ရာအကြမ်းဖက်မှုနှင့် ပတ်သက်လာပါက လူမှုအသိုင်းအဝန်းအတွင်း ပျံ့နှံ့နေသည့်အလေ့အထမှာ အတင်းအဓမ္မ လက်ထပ်စေခြင်းပင်ဖြစ်သည်။ ဤလုပ်ရပ်သည် ရှင်သန်လွတ်မြောက်လာသူများအား ဘဝတလျှောက်လုံး လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၏ သားကောင်အဖြစ်မည့် အန္တရာယ်နှင့်ရင်ဆိုင်စေသည်။ ဥပမာအားဖြင့် အဓမ္မပြုကျင့်ခံရပြီး နောက် လူမှုအသိုင်းအဝိုင်းကပေးလာသည့် ဖိအားနှင့် လူ့အသိုင်းအဝိုင်းက ပယ်ထုတ်ခံရမည်ကို စိုးရိမ်သောကြောင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူကို ၎င်း၏မိသားစုဝင်များကပင် ကျူးလွန်သူနှင့် လက်ထပ်ခိုင်းခြင်းဖြစ်သည်။ ထို့အပြင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို တရားမဝင်အကြမ်းဖက်စစ်အုပ်စုနှင့် တော်လှန်ရေးအဖွဲ့ဝင်များကသာ ကျူးလွန်ကြသည် မဟုတ်ဘဲ ချမ်းသာကြွယ်ဝပြီး အကြမ်းဖက်စစ်အုပ်စုနှင့် ပတ်သက်ဆက်စပ်သော ငွေကြေးအင်အားရှိသည့် အရပ်သား များသည်ပင်လျှင် ကျူးလွန်ချိုးဖောက်နေကြပြီး အမှုကိုငွေအနည်းသာပေး၍ ကျေအေးကြလေ့ရှိသည်။

ပဋိပက္ခအခြေအနေအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ဘေးကင်းလုံခြုံမှုရှိရေးမှာ သိသိသာသာ ယို ယွင်းလာပြီး စိုးရိမ်စရာကောင်းသော လူ့အခွင့်အရေးချိုးဖောက်မှုအမြောက်အမြားမှ ၎င်းတို့ကို အကာ အကွယ်ပေး နိုင်မည့် ထိရောက်သည့်ယန္တရားများလည်း ရှိမနေပေ။ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြစ်ရပ်မှန်တခုအား လေ့လာသည့် အခါ အရပ်သားတစ်ဦးက လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုကျူးလွန်ခဲ့သော်လည်း လျော်ကြေးငွေ အနည်းငယ်ပေးရန် ညှိနှိုင်းသဘောတူပြီးနောက် ထိုကျူးလွန်သူနှင့်ပင် အတင်းအဓမ္မလက်ထပ်ခိုင်းခြင်းဖြင့် အမှုအားဖြေရှင်းသည်ကို တွေ့ရသည်။ စစ်တမ်းဖြေဆိုသူတစ်ဦးက “လိင်အကြမ်းဖက်မှု ကျူးလွန်ခံရ ပြီးတဲ့နောက်မှာ လျော်ကြေးငွေတချို့ ပေးဖို့သဘောတူအပြီး သူ့မိဘတွေနဲ့ ရပ်ရွာခေါင်းဆောင်က ရှင်သန်လွတ် မြောက်လာသူကို အဲဒီကျူးလွန်တဲ့လူသူနဲ့ဘဲ အတင်းယူခိုင်းတယ်။ ဒါပေ မဲ့ ကျူးလွန်တဲ့လူက သူ့ကိုမယူချင်တော့ ခုနကလျော်ကြေးပေးမယ်ဆိုပြီး သဘောတူထားတဲ့ပိုက်ဆံကိုပါယူပြီး ထွက်ပြေးသွားတယ်” ဟု ပြောပြခဲ့သည်။[38] ၎င်းရိုးရာဓလေ့၊ အလေ့အထများသည် ဥပဒေလုပ်ထုံးလုပ်နည်းများကို ကျော်လွန်ကာ လုပ်ဆောင်မှုဖြစ်ပြီး ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုရရှိရေးနှင့် နစ်နာကြေးရ ရှိရန်အတွက် အတားအဆီးများ ဖြစ်နေပေသည်။ အချို့တိုင်းရင်းသားလူမျိုးစုဒေသများတွင် လိင်ပိုင်းဆိုင်ရာအ ကြမ်းဖက်ခံ ရမှုမှ ကိုယ်ဝန်ရှိလာပါက ရှင်သန်လွတ်မြောက်လာသူများကို ရွာတွင်းမှနှင်ထုတ်လေ့ရှိသည်။ ယင်းလုပ်ရပ်သည် ပြစ်မှုကျူးလွန်သူများ၏လုပ်ရပ်ကို ဖုံးကွယ်ရာရောက်သလို အကြမ်းဖက်ခံရသူများအတွက် တရားမျှတမှု ရရှိရေးကြိုးပမ်းမှုကို ရှောင်ရှားသည့်လုပ်ရပ်လည်းဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် ဘက်ပေါင်း စုံမှဖိနှိပ်မှုများစွာကို ဆက်လက်၍ ရင်စည်းခံနေကြရသည်။ ထို့ကြောင့် ရိုးရာဓလေ့ထုံးတမ်းအလေ့အထများသည် ပြစ်ဒဏ်ကင်းလွတ်ခွင့်ဟူသည့်ယဉ်ကျေးမှုကို ဆက်လက်တည်မြဲစေပြီး ကျူးလွန်ချိုး ဖောက်သူများ တာဝန်ယူတာဝန်ခံမှု လုပ်စရာမလိုအောင် ဖန်တီးပေးနေသည်။

38 စစ်ကိုင်းတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

...

အချို့တိုင်းရင်းသားလူမျိုးစုဒေသများတွင်
လိင်ပိုင်းဆိုင်ရာ ကြမ်းဖက်ခံရသူမှ ကိုယ်ဝန်ရှိလာ
ပါက ၎င်းသူနှင့် ကလေးမွေးလာသူများကို ရွာတွင်းမှ
နှင်ထုတ်လေ့ရှိသည်။

...

## ၆၊ ၃။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရသူများ အတွက် တရားမျှတမှုရရှိရန် တော်လှန်ရေး အဖွဲ့များမှ စီမံအုပ်ချုပ်မှု



တော်လှန်ရေးအဖွဲ့များ နယ်မြေမြောက်မြားစွာ ပိုမိုထိန်းချုပ်လာနှင့်သည်နှင့် တချိန်တည်းမှာပင် ၎င်းတို့၏သက် ဆိုင်ရာဒေသများတွင် ကြားဖြတ်အစိုးရများ၊ ဒေသန္တရအုပ်ချုပ်ရေးနှင့် စီမံအုပ်ချုပ်မှုယန္တရားများကိုထူထောင်လာ ကြသည်။ ထို့ကြောင့် မြေပြင်၌ဖြစ်ပွားနေသော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်နေမှု များအတွက် တော်လှန်ရေးအဖွဲ့များ၏ တရားမျှတမှုရယူပေးသည့် စီမံစီရင်အုပ်ချုပ်မှုများကို ဆန်းစစ်ဖို့ရန် အလွန်တရာအရေးကြီး လာသည်။ ဥပမာအားဖြင့် စစ်ကိုင်းနှင့် မကွေးတိုင်းဒေသကြီးများရှိ လွတ်မြောက်နယ်မြေများသည် အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံအုပ်ချုပ်မှုနှင့် လုံခြုံရေးကွပ်ကဲမှုအောက်တွင် ရှိကြသည်။ ထိုသို့သောအခြေအနေတွင် အရပ်သားများသည် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို အမျိုးသားညီညွတ်ရေးအစိုးရထံ တိုင်ကြားကြသည်။ ထို့ကြောင့် ရှင်သန်လွတ်မြောက်လာသူများနှင့် အကြမ်းဖက်ခံရသူများ တရားမျှတမှုရရှိရေးကြိုးစားမှု၌ဖြစ်စေ၊ ကျူးလွန်ချိုးဖောက်သူများအား ဥပဒေကြောင်းအရ ၎င်းတို့ကျူးလွန်သည့်ပြစ်မှုအတိုင်း ထိုက်သင့်သည့်

ပြစ်ဒဏ် ကိုခံစေရန်ဖြစ်စေ အမျိုးသားညီညွတ်ရေးအစိုးရ၏ စီမံကွပ်ကဲမှုအောက်ရှိ ဒေသန္တရ အုပ်ချုပ်ရေးအဖွဲ့များ၏ အခန်းကဏ္ဍသည် အလွန်အရေးပါပေသည်။ ရရှိထားသော သက်သေ ထွက်ဆိုချက်များအရ အမျိုးသားညီညွတ်ရေးအစိုးရ၏ အုပ်ချုပ်ရေးနယ်မြေများ၌ဖြစ်ပွားသည့် လိင် ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အများစုကို တရားမျှတမှုရရှိရန်အတွက် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ထံ တိုင်ကြားကြသည်ဟု သိရသည်။ သို့သော်လည်း ဤပြစ်မှုများကို ကိုင်တွယ်ဖြေရှင်းရန် အမျိုးသား ညီညွတ်ရေးအစိုးရလက်အောက်တွင် ဤသို့အမှု တိုင်ကြားလာမှုများအတွက် ထိရောက်သည့်ဥပ ဒေနှင့် တာဝန်ယူတာဝန်ခံသည့်ယန္တရားများ ရှိမနေသည်ကို တွေ့ရသည်။ လိင်အကြမ်းဖက်သည့် အမှုများအား ဖြေရှင်းသည့်စီမံလုပ်ငန်းနှင့်ပတ်သက်၍ ယခုသုတေသနစာတမ်းအတွက် ဖြေဆိုပေး သူတစ်ဦးက "မြို့နယ်နဲ့ ကျေးရွာအဆင့်မှာ တရားမျှတမှုရဖို့ ကြိုးပမ်းဆောင်ရွက်ခဲ့တာတွေ ရှိ တယ်၊ ပြည်သူ့လုံခြုံရေးတပ်ဖွဲ့က ကျူးလွန်သူကို အကြိမ်ကြိမ်ခေါ်ယူတွေ့ခဲ့တာတွေလည်း ရှိတယ်၊ ဒါပေမဲ့ အခုအချိန်ထိ ထိရောက်တဲ့ဖြေရှင်းပေးမှု၊ ဒါမှမဟုတ်လဲ အရေးယူမှုတစုံတရာ ရှိမနေဘူး၊ အဲ့ လိုထိရောက်တဲ့ အရေးယူမှု မရှိတာကြောင့် ကျူးလွန်ခဲ့တဲ့လူက ရှင်သန်လွတ်မြောက်လာသူနဲ့ မိသားစုဝင်တွေကို လက်နက်တွေနဲ့ ခြိမ်းခြောက် နေတာတင်မက သူကရွာထဲမှာ လွတ်လွတ်လပ် လပ် ဒီအတိုင်းသွားလာလို့ ရနေတယ်။ ရှင်သန်လွတ်မြောက်လာ သူနဲ့မိသားစုကတော့ လုံလောက် တဲ့အကာအကွယ်ပေးတာတွေ မရဘူးဆိုတော့ရွာထဲမှာဘဲဖြစ်ဖြစ် ကျောင်းမှာဘဲဖြစ်ဖြစ် သူတို့ရဲ့ လုံခြုံရေးအတွက် တချိန်လုံးစိုးရိမ်ပူပင်နေရတယ်။ ဒါကြောင့် ဒီလောက်ခက်ခဲနေတဲ့ကြားထဲကပဲ အဲ့ ဒီမိသားစုတစုလုံး လုံခြုံတဲ့နေရာကို ရွှေ့ပြောင်းသွားကြရတယ်။ အကြမ်းဖက်ခံရသူနဲ့ မိသားစုဟာ အတိဒုက္ခမျိုးစုံနဲ့ ရုန်းကန်နေရပြီး ကျူးလွန်တဲ့သူကို ထိထိရောက်ရောက် အရေးယူပေးဖို့ အကူအညီ တောင်းလာတာတွေ ရှိတယ်" ဟု ထုတ်ဖော်ပြောကြားခဲ့သည်။[39]

-----

***"သက်ဆိုင်ရာအာဏာပိုင်အချို့က တော်လှန်ရေးကို ပိုဦးစားပေးရမယ်လို့ မကြာခဏပြောလေ့ရှိကြတယ်၊ ဒါပေမဲ့ ကျမတို့တွေက ဒါကိုပြန်တုံ့ပြန်နိုင်ရမယ်၊ ပြီးတော့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေအတွက် တရားမျှတမှုရဖို့ကလည်း တော်လှန်ရေးနည်းတူ အရေးကြီးတယ်ဆိုတာကို သူတို့ကို မီးမောင်းထိုးပြကြဖို့လိုတယ်။ ခုအချိန်ဟာ တာဝန်ရှိတာဝန် ယူထားတဲ့ အဖွဲ့အစည်းတွေအနေနဲ့ တရားမျှတမှုကို နည်းစနစ်မှန်မှန်နဲ့ ကိုင်တွယ်ဖြေရှင်းဖို့ဟာ အခုအချိန်ဘဲဖြစ်တယ်။"***

-----

အမျိုးသားညီညွတ်ရေးအစိုးရနှင့် တော်လှန်ရေးအဖွဲ့များအနေဖြင့် ၎င်းတို့၏ ဥပဒေနှင့် တရားစီရင်ရေးစနစ်များကို အားကောင်းလာစေရန် အရေးတကြီးလိုအပ်နေချိန်တွင် ၎င်းတို့ ထိန်းချုပ်နယ်မြေရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် အကာအကွယ်ပေးသည့် စနစ်

39 မကွေးတိုင်းဒေသမှ မျက်မြင်သက်သေတစ်ဦး

ယန္တရားများ အကောင်အထည်ဖော် ဆောင်ရွက်ရန်လဲ အလားတူ အရေးကြီးပေသည်။ အမျိုးသား ညီညွတ်ရေးအစိုးရ၏ စီမံအုပ်ချုပ်မှုအောက်၌ဖြစ်ပွားသည့် လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှုအများစု ကို ပြည်သူ့လုံခြုံရေးတပ်ထံ တိုင်ကြားထားကြသော်လည်း အမှုအနည်းငယ်ကိုသာ စုံစမ်းစစ်ဆေးမှု ပြုခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများစွာကို လျော်ကြေးငွေပေးခြင်းဖြင့်သာ ဖြေရှင်းပေးခြင်း (သို့မဟုတ်) စုံစမ်းစစ်ဆေးမှုများ နှောင့်နှေးကြန့်ကြာနေခြင်း စသည့်အခြေ အနေများဖြစ်ပွားလျက် ရှိပြီး အမှုကျူး လွန်သူများသည်လည်း တာဝန်ယူတာဝန်ခံခြင်း၊ ဥပဒေအရ အရေးယူခံခြင်းများမရှိ ဘဲ နောက်ဆုံးတွင် အမှုပိတ်လိုက်သည်ကို တွေ့ရှိရသည်။ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှား သူတစ်ဦးဖြစ်သည့် မလတ်နှင့် တွေ့ဆုံမေးမြန်းမှုတွင် "တခြားတိုင်းရင်း သားတော်လှန်ရေးအဖွဲ့ တွေမှာတော့ဘယ်လိုရှိလဲ ကျွန်မမသိဘူး၊ ဒါပေမဲ့ အမျိုးသားညီညွတ်ရေးအစိုးရအတွင်း မှာတော့ လိုက်နာရမဲ့ကျင့်ဝတ်စည်းကမ်း Code of Conduct (CoC) နဲ့ လိင်ပိုင်းဆိုင်ရာနှောင့်ယှက်မှု၊ ခေါင်းပုံဖြတ် အမြတ်ထုတ်မှု၊ စော်ကားမှုဆိုတာတွေကို လုပ်လို့မရအောင် အကာအကွယ်ပေးတဲ့မူ ဝါဒ Protection from Sexual Harassment, Exploitation and Abuse (PSHEA) ရှိပါတယ်။ ဒါပေမဲ့ ဒါတွေကို စာရွက်ပေါ်မှာပဲ ထားလို့မရဘူး၊ မြေပြင်မှာ တကယ် လက်တွေ့လိုက် နာ ဆောင်ရွက်ပြီး အကောင်အထည်ဖော်ဖို့လိုတယ်။ တချို့ပြစ်မှုတွေကိုတော့ အရေးယူ ဆောင်ရွက်မှု တွေ ရှိနေတွေ့နေရပေမဲ့ တရားမျှတမှုဖော်ဆောင်တဲ့နေရာမှာကျတော့ အရမ်းကိုအားနည်း နေ တာတွေရှိတယ်။ ဒါကြောင့် ပဋိပက္ခနဲ့ဆက်စပ်ပြီးဖြစ်တဲ့ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနဲ့ပတ်သက် ရင် အမျိုးသားညီညွတ်ရေးအစိုးရရဲ့ ဝန်ကြီးဌာနတွေ၊ လူထုအခြေပြုအစုအဖွဲ့တွေနဲ့ အမျိုးသမီး အဖွဲ့အစည်းတွေ အတူတူ ပူးပေါင်းဆောင်ရွက်ဖို့လိုတယ်။ ကျူးလွန်ချိုးဖောက်သူတွေ ပြစ်ဒဏ်ချမ ခံရဘဲ ကင်းလွတ်ခွင့် ရနေအုံးမယ်ဆိုရင် သူတို့က ဒီချိုးဖောက်မှုတွေကို ထပ်ခါတလဲလဲ ကျူးလွန်နေ ဦးမှာကျိန်းသေတယ်။ ပိုပြီးဆိုးတာက ဒီလိုလုပ်လဲဘာ ပြစ်ဒဏ်မှမကျဘူးဆိုတော့ တခြားသူတွေကို ပါ လိင်အကြမ်းဖက်မှု ကျူးလွန်လာဖို့ကို အားပေး အားမြှောက်လုပ်သလို ဖြစ်နေတာဘဲ။ ကျူးလွန် တဲ့ချိုးဖောက်တဲ့အပြစ်တွေကို တာဝန်ယူစရာတာဝန်ခံစရာ မလိုဘူးဆိုတဲ့အတွေးဝင် သွားပြီဆိုရင် ဒီပြဿနာဟာ အကြာကြီးဆက် ရှိနေအုံးမှာဘဲဖြစ်တယ်။"[40] ဟု သူမကပြောပြခဲ့သည်။ သူမက ရပ်ရွာ အခြေပြုဝန်ဆောင်မှုနှင့် အကြမ်းဖက်ခံရသူအား ဗဟိုပြုထောက်ပံ့ ပေးသည့်စနစ်များကို စည်းစနစ်ကျစွာ တည်ဆောက်နိုင်ရန် အောက်ပါအတိုင်း အကြံပြုချက်အချို့ကို ထပ်လောင်းပြော ကြားခဲ့သည်။ "သက်ဆိုင်ရာအာဏာ ပိုင်အချို့က တော်လှန်ရေးကို ပိုဦးစားပေးရမယ်လို့ မကြာခဏ ပြောလေ့ရှိကြတယ်၊ ဒါပေမဲ့ ကျမတို့တတွေက ဒါကို ပြန်တုံ့ပြန်နိုင်ရမယ်၊ ပြီးတော့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတွေအတွက် တရားမျှတမှုရဖို့ကလည်း တော်လှန်ရေးနည်းတူ အရေးကြီးတယ်ဆို တာကို သူတို့ကို မီးမောင်းထိုးပြကြဖို့လိုတယ်။ ခုအချိန်ဟာ တာဝန်ရှိတာဝန်ယူထားတဲ့ အဖွဲ့အစည်း တွေအနေနဲ့ တရားမျှတမှုကို နည်းစနစ်မှန်မှန်နဲ့ ကိုင်တွယ်ဖြေရှင်းဖို့ဟာ အခုအချိန်ဘဲဖြစ်တယ်။"

40 အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူတစ်ဦး

-----

*"လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ တော်လှန်ရေးအဖွဲ့ရဲ့ ထိန်းချုပ်နယ်မြေထဲမှာ ဖြစ်တယ်ဆိုရင် သူတို့က အပြင်ကအဖွဲ့အစည်းတွေဆီကို လွှဲပြောင်းပေးတာမျိုးထက် သူတို့အဖွဲ့တွင်းမှာပဲ ကိုင်တွယ် ဖြေရှင်းတာမျိုး လုပ်တတ်ကြတယ်၊ အချက်အလက်တွေ ကောက်ယူမှတ်တမ်းတင်တာကိုလဲကန့်သတ် ထားတယ်။ ဒါပေမဲ့ သူတို့ကိုင်တွယ်ဖြေရှင်းပုံ ဖြေရှင်းနည်းတွေက ပွင့်လင်းမြင်သာမှုမရှိသလို အမှုကို ဘယ်လိုကိုင်တွယ်ဖြေရှင်းလိုက်တယ်ဆိုတဲ့ အသေးစိတ် အချက်အလက်ကို ထုတ်ပြောတာမျိုးလည်း မရှိဘူး။ ကျွန်တော်တို့ ဦးတည်လုပ်ဆောင်တဲ့ နယ်မြေဒေသတွေမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ ပိုများလာတာတွေသိနေ ကြပေမဲ့ အချက်အလက်အသေးစိတ် စုဆောင်းနိုင်ဖို့က တော်တော်ခက်တယ်။ အမှုမှာ ကာကွယ်ရေးတပ်ဖွဲ့ဝင် တစ်ဦးနဲ့ ပတ်သက်နေပြီဆိုရင်တော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မကြာခဏဘဲ ဖုံးကွယ်ထားလေ့ရှိကြတယ်"*

-----

## ၆၊ ၄။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့်ပတ်သက်၍ ကူညီဆောင်ရွက်ပေးနေသော လူထုအခြေပြုအစုအဖွဲ့များ ရင်ဆိုင်ရသည့် စိန်ခေါ်ချက်များ



အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ အမျိုးသမီးအခွင့်အရေးအဖွဲ့များနှင့် အမျိုးသမီးများတန်းတူညီမှု အရေးဆိုနေသောအဖွဲ့များ၊ လိင်စိတ်ခံယူမှု မတူကွဲပြားသူအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့များသည် အန္တရာယ်နှင့် စိန်ခေါ်မှုများရှိနေသည့်ကြားမှပင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်သည့် အမှုများကို မြေပြင်၌စဉ်ဆက် မပြတ်မှတ်တမ်းကောက်ယူလျက်ရှိသည်။ မြန်မာအကြမ်းဖက်စစ်တပ်မှ အရပ်သားများအား မုဒိမ်းကျင့်မှုကို စစ်လက်နက်သဖွယ်ကျယ်ကျယ်ပြန့်ပြန့်အသုံးပြုခဲ့သည့် သမိုင်းကြောင်းရှိပြီး လက်ရှိအချိန်ထိ ဆက်လက်ကျင့်သုံးနေသေးသော်လည်း အကြမ်းဖက်စစ်အုပ်စုကျူးလွန်ထားသည့် ထိုရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်၊ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန်အတွက် စနစ်ယန္တရားများချထားမှု ယခုအချိန်ထိ

ရှိမနေသေးပေ။ သို့သော်လည်း နိုင်ငံအတွင်းအပြင်ရှိ အဖွဲ့အစည်းများ (သို့မဟုတ်) အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည့် အဖွဲ့အစည်းအမြောက်အမြားများသည် ပဋိပက္ခအခြေအနေနှင့် စိန်ခေါ်မှုများ၊ အခက်အခဲများကြားကပင် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ကျူးလွန်မှုများကို အချက်အလက်ကောက်ယူခြင်း၊ မှတ်တမ်းတင်ခြင်းတို့ကို ဆက်လက်လုပ် ကိုင်နေကြပြီး လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများနှင့် ၎င်းတို့၏မိသားစုဝင်များကိုလည်း ကူညီပံ့ပိုးမှုများပြုလုပ်ပေးလျက်ရှိသည်။ ထို့ကြောင့် အစီရင်ခံစာ၏ ယခုအခန်းကဏ္ဍတွင် မြေပြင်၌ ပဋိပက္ခနှင့်ဆက်စပ်သောလိင်ပိုင်း ဆိုင်ရာအကြမ်း ဖက်မှုတို့၏ အချက်အလက်များကို ကောက်ယူစုဆောင်း မှတ်တမ်းတင်ရန်နှင့်ရှင်သန်လွတ် မြောက်လာသူများကို ကူညီပံ့ပိုးပေးနေသော အမျိုးသမီးအခွင့်အရေးအဖွဲ့များနှင့် လူ့အခွင့်အရေးအဖွဲ့များ ရင်ဆိုင်တွေ့ကြုံနေကြရသည့် စိန်ခေါ်မှုများနှင့် အကန့်အသတ်ရှိနေမှုများကို ဖော်ပြသွားမည်ဖြစ်သည်။

ထိုအဖွဲ့အစည်းများသည် ဝန်ထမ်းများ၏လုံခြုံရေး၊ ရန်ပုံငွေမလုံလောက်မှု၊ ဆက်သွယ်ရေးဆိုင်ရာ အကန့်အသတ်ရှိမှုကြောင့် ကောက်ယူထားသည့် အချက်အလက်များအား စီစစ်အတည်ပြုရာ၌ နှောင့်နှေးကြန့်ကြာမှု၊ အချက်အလက်ကောက်ယူ မှတ်တမ်းတင်ရန်အတွက် သဘောတူခွင့်ပြုချက်ရယူရန်ခက်ခဲမှု စသည်တို့အပါအဝင် စိန်ခေါ်မှုမြောက်မြားစွာ ရင်ဆိုင်တွေ့ကြုံကြရသည်။ အချက်အလက်ကောက်ယူ မှတ်တမ်းပြုစု သူတစ်ဦးက "လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေ တော်လှန်ရေးအဖွဲ့ရဲ့ ထိန်းချုပ်နယ်မြေထဲမှာ ဖြစ်တယ်ဆိုရင် သူတို့က အပြင်ကအဖွဲ့အစည်းတွေဆီကို လွှဲပြောင်းပေးတာမျိုးထက် သူတို့အဖွဲ့တွင်းမှာပဲ ကိုင်တွယ်ဖြေရှင်းတာမျိုး လုပ်တတ်ကြတယ်၊ အချက်အလက်တွေ ကောက်ယူမှတ်တမ်းတင်တာကိုလဲကန့်သတ် ထားတယ်။ ဒါပေမဲ့ သူတို့ကိုင်တွယ်ဖြေရှင်းပုံ ဖြေရှင်းနည်းတွေက ပွင့်လင်းမြင်သာမှုမရှိသလို အမှုကိုဘယ်လိုကိုင်တွယ်ဖြေရှင်းလိုက်တယ်ဆိုတဲ့ အသေးစိတ် အချက်အလက်ကို ထုတ်ပြောတာမျိုးလည်း မရှိဘူး။ ကျွန်တော်တို့ ဦးတည်လုပ်ဆောင်တဲ့ နယ်မြေဒေသတွေမှာ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုတွေပိုများလာတာ တွေ့သိနေကြပေမဲ့ အချက်အလက်အသေးစိတ်စုဆောင်းနိုင်ဖို့က တော်တော်ခက်တယ်။ အမှုမှာ ကာကွယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးနဲ့ ပတ်သက်နေပြီဆိုရင်တော့ အဲဒီကိစ္စနဲ့ပတ်သက် ပြီး မကြာခဏဘဲ ဖုံးကွယ်ထားလေ့ရှိကြတယ်" ဟု ပြောကြားခဲ့သည်။[41]

ရပ်ရွာနေလူထုများမှာလည်း ၎င်းတို့၏ဘေးကင်းလုံခြုံရေးအတွက် စိုးရိမ်ရသောကြောင့် အချက် အလက်ပေးရန် တွန့်ဆုတ်နေတတ်ကြသည်။ အများစုမှာ လက်စားချေခံရမည်၊ ခြိမ်းခြောက်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်ကြရာ အကြမ်းဖက်ခံရသူများအတွက် ထုတ်ဖော်ပြောကြားရန် အလွန်ပင်ခက်ခဲစေသည်။ ဤစာတမ်းအတွက် ဖြေဆိုပေးသူတစ်ဦးက "ရပ်ရွာလူထုက ပဋိပက္ခနှင့်ဆက်နွှယ်ပြီးဖြစ်တဲ့ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အကြောင်း တွေကို ထုတ်ပြောကြပေမဲ့ ကျူးလွန်ချိုးဖောက်သူတွေက အကြမ်းဖက်စစ်အုပ်စုနဲ့ လက်နက်ကိုင်အဖွဲ့ဖြစ်နေ ရင်စနစ်တကျ အချက်အလက်ကောက်ယူ ဖော်ပြဖို့အခွင့်တောင်းတဲ့အခါ ခွင့်မပြုကြတော့ဘူး" ဟု ပြောပြခဲ့သည်။[42]

41 အမျိုးသမီးအဖွဲ့အစည်းမှ ပါဝင်ဖြေဆိုသူတစ်ဦး

42 အမျိုးသမီးအဖွဲ့အစည်းမှ ပါဝင်ဖြေဆိုသူတစ်ဦး

အခြားတစ်ဖက်တွင်လည်း အကြမ်းဖက်စစ်အုပ်စုက ဖုန်းလိုင်းများနှင့် အင်တာနက်ကဲ့သို့သော ဆက်သွယ် ရေးလမ်းကြောင်း များကိုပိတ်ထားခြင်း၊ ဖြတ်တောက်ခြင်းတို့ကြောင့် ကောက်ယူထားသည့် အချက် အလက်များအား စီစစ်အတည်ပြုရန် နောက်ဆက်တွဲဆက် သွယ်ရန်လိုသည့်အခါတွင် အခက်အခဲနှင့် ပို၍ရင်ဆိုင်ကြရ ခြင်းဖြစ်သည်။

အဖွဲ့အစည်းများအတွက် အဓိကစိန်ခေါ်မှု နောက်တစ်ခုမှာ ရန်ပုံငွေပင်ဖြစ်သည်။ အမျိုးသမီးအဖွဲ့အစည်းတစ်ခုမှ ကိုယ်စားလှယ်တစ်ဦးက "ရန်ပုံငွေအလုံအလောက်မရှိတာရယ်၊ အကန့်အသတ်တွေရှိနေတာရယ်ကြောင့် အဖွဲ့အစည်းတွေမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူတွေအားလုံးကို လုံခြုံတဲ့အိမ်၊ ခိုလှုံရာနေရာနဲ့ ငွေကြေးထောက် ပံ့မှုတွေကို လုပ်မပေးနိုင်တော့ဘူး၊ ဒါကြောင့် တချို့အမှုတွေဆို လုံးဝပျောက်သွားတဲ့ အနေအထားတွေရှိတယ်" ဟု ဖွင့်ပြောခဲ့သည်။[43] အချို့သော အဖွဲ့အစည်းများက အချက်အလက်စီမံထိန်းသိမ်းမှုဆိုင်ရာ ကျွမ်းကျင်တတ်မြောက်မှုအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှု လိုအပ်နေကြကြောင်း မီးမောင်းထိုးပြခဲ့ကြသည်။ ဤအဖွဲ့အစည်းများသည် ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အချက်အလက်များအား စနစ်တကျကောက် ယူမှတ်တမ်း တင်နိုင်ရန် ပံ့ပိုးကူညီမှုလိုအပ်နေပြီး ထိုသို့ကူညီပေးမှသာလျှင် ဤကျူးလွန်ခံရသည့်အမှုများကို ကိုင်တွယ်ဖြေရှင်းရာတွင်ဖြစ်စေ၊ ဝန်ဆောင်မှုပေးရာတွင်ဖြစ်စေ ရှင်သန်လွတ်မြောက်လာသူကို အလေးထားလုပ်ကိုင်သောချဉ်းကပ်မှုမျိုးကို လက်ခံကျင့်သုံး ဆောင်ရွက်ပေးနိုင်ကြပေမည်။

-----

***''ရန်ပုံငွေအလုံအလောက်မရှိတာရယ်၊ အကန့်အသတ်တွေရှိနေတာရယ်ကြောင့် အဖွဲ့အစည်းတွေမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူတွေအားလုံးကို လုံခြုံတဲ့အိမ်၊ ခိုလှုံရာနေရာနဲ့ ငွေကြေးထောက်ပံ့မှုတွေကို လုပ်မပေးနိုင်တော့ဘူး၊ ဒါကြောင့်တချို့အမှုတွေဆို လုံးဝပျောက်သွားတဲ့ အနေအထားတွေရှိတယ်''***

-----

43 အမျိုးသမီးအဖွဲ့အစည်းမှ ပါဝင်ဖြေဆိုသူတစ်ဦး

# ၇။ နိဂုံးချုပ်သုံးသပ်ချက်

အကြမ်းဖက်ရာဇဝတ်စစ်အုပ်စု၏ တရားမဝင်အာဏာသိမ်းရန် ကြိုးပမ်းမှုနောက်ပိုင်းတွင် ပဋိပက္ခနှင့်ဆက်နွယ် သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အခြေအနေမှာ တစ်နိုင်ငံလုံးတွင် သိသိသာသာဆိုးရွားလာခဲ့သည်။ ဤကျူး လွန်ချိုးဖောက်မှုများမှာ အထူးသဖြင့် အညာဒေသတွင်း စိုးရိမ်ဖွယ်ရာ များပြားလာကြောင်း မြန်မာ့အမျိုးသမီးသမဂ္ဂ၏ အချက်အလက်များအရ သိရှိကြပြီဖြစ်သည်။ အဓိကကျူးလွန်သူများမှာ အကြမ်း ဖက်ရာဇဝတ်စစ်အုပ်စုနှင့် ၎င်းတို့၏လက်ပါးစေများဖြစ်ကြသော်လည်း တော်လှန်ရေးအဖွဲ့ဝင်အချို့နှင့် တော်လှန်ရေးအဖွဲ့များ ထိန်းချုပ်ရာ နယ်မြေတွင်းရှိသော အရပ်သားအချို့သည်လည်း ပဋိပက္ခနှင့်ဆက်စပ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများကို ကျူးလွန်နေကြသည်ကို သိရှိရသည်။ ၎င်းလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များသည် အသစ်ပေါ်ပေါက်လာသော တော်လှန်ရေးအဖွဲ့/တပ်ဖွဲ့များ အခြေစိုက်ရာဒေသဖြစ်သည့် အထူးသဖြင့် မြန်မာပြည်အလယ်ပိုင်း အညာဒေသ တွင် ပိုမိုဖြစ်ပွားလျက်ရှိသည်။ သို့ပင်ဖြစ်သော်ငြား ပဋိပက္ခဒေသ များအတွင်း လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု ဖြစ်ပွားသော အကြမ်းဖက်မှုကို လက်ရှိတော်လှန်ရေးကာလ အတွင်း ဦးစားပေးကိုင်တွယ်ဖြေရှင်းသင့်သော်လည်း တာဝန်ယူလုပ်ဆောင်မှုရှိမနေပေ။ မြန်မာနိုင်ငံ၏ ပဋိပက္ခအခြေအနေအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ် များသည် လိင်မှုပြုရန်သာရှိနေသည့် အရာဝတ္ထုများသဖွယ် ပစ်မှတ်ထားကျူးလွန်ချိုးဖောက်ခံနေရပြီး ၎င်းတို့အား မုဒိမ်းပြုကျင့်မှုကိုလည်း စစ်လက်နက်သဖွယ် အသုံးပြုနေကြသည်။

နွေဦးတော်လှန်ရေးသည် အာဏာရှင်စနစ်အမျိုးမျိုးကို တိုက်ဖျက်ရန်နှင့် ဂျဲန်ဒါတန်းတူညီမျှရေးအပါအဝင် လူ့အ ခွင့်အရေးနှင့် လူသားတိုင်းတန်းတူညီမျှမှုရှိရေးကို မြှင့်တင်ရန်ရည်ရွယ်သည့် အတွေးအခေါ်တော်လှန်ရေးတစ်ရပ် ဖြစ်သည်။ သို့သော်လည်း လက်တွေ့တွင်မူ မျှော်မှန်းထားချက်နှင့်တူညီသည့် တိုးတက်မှုအဆင့်သို့ မရောက်ရှိနိုင် သေးဘဲ မြန်မာ့လူ့အဖွဲ့အစည်းအတွက် စိန်ခေါ်မှုတစ်ရပ်အဖြစ် တည်ရှိနေဆဲဖြစ်သည်။ ရှင်သန်လွတ်မြောက်လာ သူများသည် အပြစ်ပေးမခံရဘဲ ပြစ်ဒဏ်မှကင်းလွတ်ခွင့် ဆက်လက်ရရှိနေသည့် ကျူးလွန်သူများ၏ တုံ့ပြန်လက် စားချေလာနိုင်မှုများကို စိုးရိမ်ထိတ်လန့်စွာဖြင့် အမြဲနေထိုင်နေကြရပြီး ၎င်းကျူးလွန်သူများသည် အလားတူရာဇ ဝတ်မှုများကို ထပ်မံကျူးလွန်ရန် အလားအလာရှိနေသည်။

ကျူးလွန်သူများ ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေသည့်အပြင် ဖိုဝါဒကြီးစိုးမှုနှင့် လူမှုဆိုင်ရာ၊ ယဉ်ကျေးမှုဆိုင်ရာ စံနှုန်း များသည် ရှင်သန်လွတ်မြောက်လာသူများ တိတ်တဆိတ်ခံစားနေရာမှ ထိုးဖောက်ထွက်ကာ ထုတ်ဖော် ပြောရဲလာ နိုင်ရန်အတွက်ဖြစ်စေ၊ အသိုင်းအဝိုင်းများအတွင်း အမြစ်တွယ်နေသော အပြောအဆို လုပ်ရပ်များ ဖြစ်သည့် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်ခံရသူများကို အပြစ်တင်ပြောဆိုခြင်း၊ လူမှုရေးအမည်းစက်အဖြစ် သတ်မှတ်ခြင်း၊ ကျူးလွန်ခံ ရသူကို ရှက်ရွံ့အောင်ပြုလုပ်ခြင်းတို့သည်လည်း ကျူးလွန်ခံရသူများအား အကာ အကွယ်ပေးရန် ဆောင်ရွက်နိုင်ရေး တို့တွင်

အဓိကအတားအဆီးကြီးများ ဖြစ်နေကြသည်။ ရပ်ရွာအသိုင်းအဝိုင်း အမြောက်အမြားအတွင်း ယခုထိကျင့် သုံးနေကြသော ရိုးရာအလေ့အထတချို့သည် အပျက်သဘောသက် ရောက်မှုရှိပြီး ရှင်သန်လွတ်မြောက်လာသူများ နှင့် မိသားစုများကို ဝန်ပိုပိစေသည်သာမက အထူးသဖြင့် သင့်လျော်လျောက်ပတ်သည့် အကာအကွယ်ပေးလုပ် ဆောင်မှုများ (သို့မဟုတ်) စနစ်ယန္တရားများ ကင်းမဲ့နေသေးသည့် နယ်မြေဒေသများတွင် တရားမျှတမှုရရှိရေးအ တွက် အလျဉ်းမဖြစ်နိုင် သည့်အနေ အထားတွင် ရှိနေသည်။ ထို့အပြင် အရပ်ဘက်အဖွဲ့အစည်းများနှင့် အမျိုးသမီး အဖွဲ့အစည်းများသည် ဘဏ္ဍာရေး ဆိုင်ရာ အကန့်အသတ်များ၊ လုံခြုံရေးဆိုင်ရာ ဘေးအန္တရာယ်များနှင့် လိင်ပိုင်း ဆိုင်ရာ အကြမ်း ဖက်သည့် အမှုများ၏ အချက်အလက်များကောက်ယူရာတွင် အတားအဆီးပေါင်းမြောက်မြားစွာကို မြေပြင်၌ တပြိုင်နက် ရင်ဆိုင်ကြုံတွေ့နေကြရသည်။

-----

***အကြမ်းဖက်စစ်အုပ်စုသည် ဆိုးရွားသော လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြု အကြမ်းဖက်မှုများကို ဆယ်စုနှစ်များစွာကပင် စနစ်တကျဗျူဟာကျကျ ကျူးလွန်နေခဲ့သော်လည်း အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှုဆိုသည်တို့မှာ လက်တွေ့လုပ်ဆောင်မှုမပါသည့် စကားလုံးသက်သက်မျှသာ ရှိနေသည်။ ရှင်သန်လွတ်မြောက်လာသူများနှင့် အကြမ်းဖက် ခံရသူများက တရားမျှတမှုရရှိရန် တောင်းဆိုသည့်အခါတွင်လည်း ၎င်းတို့၏အသံမထွက်နိုင်အောင် ပိတ်ဆို့ထား၊ လျစ်လျူရှုထားဆဲဖြစ်သည်။***

-----

အကြမ်းဖက်စစ်အုပ်စုသည် ဆိုးရွားသော လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများကို ဆယ်စုနှစ်များစွာကပင် စနစ်တကျဗျူဟာကျကျ ကျူးလွန်နေခဲ့သော်လည်း အကြမ်းဖက်မှုကြောင့် အသက်ဆုံးရှုံးခဲ့ရသူများနှင့် ရှင်သန်လွတ်မြောက်လာသူများအတွက် တရားမျှတမှုနှင့် တာဝန်ယူမှုဆိုသည်တို့မှာ လက်တွေ့လုပ်ဆောင်မှုမပါသည့် စကားလုံးသက်သက်မျှသာရှိနေသည်။ ရှင်သန်လွတ်မြောက်လာသူများနှင့် အကြမ်းဖက် ခံရသူများက တရားမျှတမှုရရှိရန် တောင်းဆိုသည့် အခါတွင်လည်း ၎င်းတို့၏အသံမထွက်နိုင်အောင် ပိတ်ဆို့ထား၊ လျစ်လျူရှုထားဆဲဖြစ်သည်။

အခြားတစ်ဖက်တွင်လည်း အမျိုးသားညီညွတ်ရေးအစိုးရ၏ တရားစီရင်ရေးသည် လက်ရှိအချိန်ထိ ထိရောက်စွာ စွမ်းဆောင်နိုင်မှု၊ လူတိုင်းလက်လှမ်းမီနိုင်ခြင်း မရှိသည့်အပြင် ကျူးလွန်သူများအား တာဝန်ယူတာဝန်ခံမှု ဆောင်ရွက်ရန်တွင်လည်း ပွင့်လင်းမြင်သာမှု ကင်းမဲ့နေသည်။ အမျိုးသားညီညွတ်ရေးအစိုးရ၏ ပြည်သူ့ကာကွယ် ရေးတပ်ဖွဲ့များနှင့်ဆိုင်သော စစ်ဘက်ဆိုင်ရာကျင့်ဝတ်များတွင် ဖမ်းဆီးထိန်းသိမ်းခံရသူများအား ညှဉ်းပန်းနှိပ်စက်ခြင်း (သို့ မဟုတ်) မညှာမတာပြုခြင်းနှင့် အရပ်သားပြည်သူအား လိင်ပိုင်းဆိုင်ရာတိုက်ခိုက်မှုများကို တားမြစ်ထားသော်ငြား ဆက်

လက်ဖြစ်ပွားနေခြင်းသည် ၎င်းကျင့်ဝတ်များကို လိုက်နာကျင့်သုံးရမည်ဟု သင့်လျော်မှန်ကန်သော အသိပညာပေးမှုနည်းပါးသောကြောင့် ဖြစ်နိုင်သည်။
ထို့ကြောင့် အမျိုးသားညီညွတ်ရေးအစိုးရနှင့် အခြားသောကြားကာလဖက်ဒရယ်ကောင်စီ အာဏာပိုင်အဖွဲ့အစည်းများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများအနေဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အကောင်အထည်မဖော်ရသေးသည့်တိုင် ဒေသဆိုင်ရာအစိုးရအဆင့်မှစ၍ တိုင်းဒေသကြီးအဆင့်အထိ တို့၌ တရားဥပဒေစိုးမိုးရေး ထိန်းသိမ်းထားပေးသည်နှင့်တချိန်တည်းတွင် မိန်းကလေးငယ်များနှင့် အမျိုးသမီးများအား အကာအကွယ်ပေးမည့် ခိုင်မာသည့်မူဝါဒတစ်ရပ်ကို အရေးတကြီးချမှတ်ရန် လိုအပ်နေသည်။

အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသားတော်လှန်ရေးအဖွဲ့အစည်းများ၏ စစ်ရေးဆိုင်ရာဌာနများအတွင်း နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေများ၊ စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများအကြောင်း အသိပညာမြှင့်တင်ပေးရန် အရေးကြီးသည်။ ထိုကဲ့သို့သော ဖြစ်ရပ်များသည် တော်လှန်ရေးအပေါ် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုကို ထိခိုက်စေသည်သာမက တော်လှန်ရေးကို ပါအဟန့် အတားဖြစ်စေနိုင်ပေရာ အမျိုးသားညီညွတ်ရေးအစိုးရအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအပေါ်အခြေခံဖြစ်ပွားသော အကြမ်းဖက်မှုများကို ချက်ခြင်းအရေးယူဖြေရှင်းရန် အရေးတကြီးလိုအပ်နေသည်။

လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအပေါ်အခြေခံဖြစ်ပွားသော အကြမ်းဖက်မှုများကို တိုက်ဖျက်ရန်တွင် နိုင်ငံတကာ လူသား ချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေနှင့် အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာ မူဘောင်တို့ကဲ့သို့သော နိုင်ငံတကာလုပ်ထုံးလုပ်နည်း ယန္တရားများသည် ယင်းရာဇဝတ်မှုများအား ကာကွယ်ရန်နှင့် တရားစွဲဆို အရေးယူဆောင်ရွက်ရန် ရည်ရွယ်သည့်မူဝါဒနှင့် စည်းမျဉ်းများရေးဆွဲရာတွင် အခြေခံလမ်းညွှန်များအဖြစ် အသုံးပြုနိုင်သည်။ အမျိုးသမီး၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာမူဘောင်မှာ လက်နက်ကိုင်ပဋိပက္ခများအတွင်း ကျူးလွန်ကြလေ့ရှိသည့် လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအခြေပြုဖြစ်ပွားသော အကြမ်းဖက်မှုကို ဖောင်းပေးရေးဆွဲထားသည့် ဖွဲ့စည်းမှုအရ၊ ကိုယ်ထိလက်ရောက်အရ ကျူးလွန်သော အကြမ်းဖက်မှုအမျိုးမျိုးအား ကာကွယ်တားဆီးနိုင်အောင် လမ်းညွှန်ပေးထားသည့် ကမ္ဘာ့ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် ၁၃၂၅ အပေါ် အခြေခံရေးဆွဲခဲ့ခြင်းဖြစ်သည်။ ထို့အပြင် အဆိုပါမူဘောင်သည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၊ ပဋိပက္ခ ကာကွယ်တားဆီးရေးနှင့် ရှင်သန်လွတ်မြောက်လာသူများ ပြန်လည်ထူထောင်နိုင်ရေး စသည်တို့နှင့်ပတ်သက်၍ ဆုံးဖြတ်ချက်ချမှတ်ရသည့် နေရာများတွင် အမျိုးသမီးများ အဓိပ္ပာယ်ရှိစွာ ပါဝင်နိုင်ရေးကို မြှင့်တင်ပေးသည့် မူဘောင်ဖြစ်သည်။[44]

44 United Nations Women (2023). A guide to UN Security Council Resolution 1325 and the women, peace, and security agenda in Myanmar. Retrieved from

https://asiapacific.unwomen.org/en/stories/news/2023/10/the-women-peace-and-security-agenda-in-myanmar

မြန်မာနိုင်ငံသည် အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ သဘောတူစာချုပ် (CEDAW)[45] နှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂ ညီလာခံသဘောတူညီချက် (CRC)[46] ကို လက် မှတ်ရေးထိုးထားသည့် နိုင်ငံဖြစ်သည်သာမက အာဆီယံအဖွဲ့ဝင်နိုင်ငံအနေဖြင့်လည်း လိင်ပိုင်းဆိုင်ရာနှင့် ဂျန်ဒါအ ခြေပြုဖြစ်ပွားသော အကြမ်းဖက်မှုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အကာအကွယ် ပေးရန် ဥပဒေ အရ တာဝန်ဝတ္တရားရှိသည်။ သို့ဖြစ်၍ အမျိုးသားညီညွတ်ရေးအစိုးရနှင့် တိုင်းရင်းသား/လူမျိုးစု တော်လှန်ရေးအဖွဲ့ အစည်းများသည် နိုင်ငံတကာသဘောတူစာချုပ်များနှင့် ဒေသဆိုင်ရာမူဘောင်များကို အတည်ပြုခြင်းနှင့် အသိအ မှတ်ပြုခြင်းကို လုပ်ဆောင်သင့်ပြီး မူဝါဒဖော်ဆောင်မှုများတွင် နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း လိုက်နာကျင့် သုံးရန် လိုအပ်သည်။ မြန်မာနိုင်ငံ၏ လက်ရှိအခြေအနေအရ လိင်ပိုင်းဆိုင် ရာနှင့် ဂျန်ဒါအခြေပြု အကြမ်းဖက်မှု သည် အလွန်တရာအရေးကြီးပြီး အသိပညာပေးခြင်း၊ စနစ်တကျ အချက်အလက်ကောက်ယူမှတ်တမ်းတင်ခြင်း၊ ပူးပေါင်းညှိနှိုင်းမှုရှိသည့် စည်းရုံးလှုံ့ဆော်မှုလုပ်ဆောင်ခြင်း၊ ရှင်သန်လွတ်မြောက်လာသူအား အလေးထားလုပ်ကိုင်ပေးသည့် ပြန်လည်ထူထောင်ရေးနှင့် ပံ့ပိုးကူညီမှုပေးခြင်း၊ ခိုင်မာသောမူဝါဒနှင့် ဥပဒေများရေးဆွဲချမှတ်ခြင်း၊ ထိ ရောက်သည့် ဥပဒေစိုးမိုးရေး လုပ်ဆောင်ခြင်း၊ တာဝန်ယူတာဝန်ခံမှုရှိလာအောင်နှင့် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရနေ ခြင်း အမြစ်ဖြတ်အဆုံးသတ်နိုင်ရန် မြေပြင်၌ တရားဥပဒေနှင့် မူဝါဒများ လက်တွေ့အကောင်အထည်ဖော်ရာတွင် သက်ရောက်မှုရှိမရှိ တိုင်းတာရန် စောင့်ကြည့်လေ့လာ အကဲဖြတ်ခြင်းစသည့် ချဉ်းကပ်မှုပုံစံမျိုးစုံကိုအသုံးပြုကာ အလျင်အမြန် ကိုင်တွယ် ဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်သည်။ ဤသို့ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အပြစ်ကျူးလွန်ခြင်းမှ ကင်းလွတ်ခွင့်ရနေခြင်းကို အဆုံးသတ်က တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် သေချာစေမည်ဖြစ်သည်။ တော်လှန်ရေးအင်အားစုများအနေနှင့် အသွင်ကူးပြောင်း ရေးကာလ တရားမျှ တမှုရရှိရေးကို ဦးတည်ဆောင်ရွက်ရာတွင် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်း ဖက်မှု အရေးကိစ္စအား ဦးစားပေးကိုင်တွယ်ဖြေရှင်းရန်နှင့် မဟာဗျူဟာစီမံကိန်းရေးဆွဲမှုတွင် ပေါင်းစည်း ထည့်သွင်းရန် အထူးအရေးကြီးပေသည်။ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုဟူသည် စစ်ရာဇဝတ်မှု မြောက်သည့်အပြင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ကြီးလေး သောရာဇဝတ်မှုလည်းမြောက်စေကာမူ အကြမ်းဖက်စစ်တပ်သည် ဤနိုင်ငံတကာဥပဒေများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေသည်မှာ ဆယ်စုနှစ်ခုနှစ်ခုပင် ကျော်လာခဲ့ပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာ စနစ်ယန္တရားများမှတစ်ဆင့် တာဝန်ယူတာဝန်ခံမှု၊ တာဝန်ရှိမှုတို့ ရယူလာနိုင်ရန်အတွက် မဖြစ်မနေ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားရန် အရေး ကြီးလှပေသည်။

45 United Nations Women. (n.d). Asia and the Pacific. Retrieved from https://asiapacific.unwomen.org/en/focus-areas/cedaw-human-rights/myanmar

46 United Nations (1989). Convention on the Rights of the Child. Retrieved from https://www.ohchr.org/en/instruments-mechanisms/instruments/convention-rights-child

# ၈။ အကြံပြုချက်များ

## အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့များနှင့် တိုင်းရင်းသား/လူမျိုးစု တော်လှန်ရေး အဖွဲ့အစည်းများသို့

- အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုများမှ အကာအ ကွယ်ပေးနိုင်ရန်အတွက် ကျစ်လစ်ခိုင်မာသော ဥပဒေများနှင့် မူဝါဒများကို ချမှတ်ဖော်ဆောင်ရန်။
- လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ကျူးလွန်သူများကို ပွင့်လင်းမြင်သာမှု အပြည့်နှင့် အရေးယူ ဆောင်ရွက်ရန်။
- အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ မိမိလက်အောက်ရှိ တပ်ဖွဲ့ဝင်များကို လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုဆိုင်ရာ အသိပညာပေးလုပ်ငန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ရန်။
- ဒေသတွင်း၊ ပြည်တွင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရှင်သန်လွတ်မြောက်လာသူအား ဗဟိုပြု အလေးထားချဉ်းကပ်မှုဖြင့် အရေးပေါ်ဝန်ဆောင်မှုများဖြင့် ပံ့ပိုးကူညီပေးရန်။
- အဖွဲ့အစည်းများအနေဖြင့် လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်သည့်အမှုများအား စနစ်တကျမှတ် တမ်းတင်ကောက်ယူနိုင်ရန်နှင့် ရှင်သန်လွတ်မြောက်လာသူများအတွက် ဘေးကင်းလုံခြုံအိမ်ယာ/နေရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများအပါအဝင် လိုအပ်သော ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် အခွင့်အလမ်း ဖွင့်ပေးရန်။
- လိင်ပိုင်းဆိုင်ရာနှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှု ကျူးလွန်ချိုးဖောက်သူများအား ဥပဒေအရ တရားဝင် အရေး ယူနိုင်ရန် တရားဥပဒေစိုးမိုးမှုရှိလာအောင် ကြပ်ကြပ်မတ်မတ် တာဝန်ယူဆောင် ရွက်ပေးရန်။

## အရပ်ဘက်လူမှုအဖွဲ့အစည်းများသို့

- သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးမှ ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုအား အချက် အလက်ကောက်ယူနေသူများအကြား အတွေ့အကြုံဖလှယ်ရန်နှင့် အပြန်အလှန်မျှဝေသည့် အလုပ်ရုံဆွေးနွေး ပွဲများပြုလုပ်ရန် အတွက် ညှိနှိုင်းအစည်းအဝေးများ ပြုလုပ်ပေးရန်။
- ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ကာကွယ်တားဆီးပေးရန်နှင့် အကာအကွယ် ပြုပေးရန် ရည်ရွယ်ချက်ဖြင့် မြေပြင်တွင်သာမက ဆိုရှယ်မီဒီယာများပေါ်၌လည်း အများပြည်သူ အသိတိုးလာရန် လူထုပညာပေးလှုပ်ရှားမှုများကို အကောင်အထည်ဖော်ဆောင်ရန်။

- နိုင်ငံအဆင့်၊ ဒေသန္တရအဆင့်နှင့် နိုင်ငံတကာအဆင့်ထိ စုစည်းပေါင်းစပ်မှုရှိသော စည်းရုံး လှုံ့ဆော်မှုများ လုပ် ဆောင်ပေးသွားရန်။
- ရှင်သန်လွတ်မြောက်လာသူများကို ကူညီပံ့ပိုးပေးနေသော အဖွဲ့အစည်းများကြား နည်းပညာ ပိုင်းအရဖလှယ် ခြင်း၊ ဝန်ဆောင်မှုရရှိရေးအတွက် လွှဲပြောင်းပေးခြင်းနှင့် တရားစွဲဆိုမှုပြုနိုင် ရန် ကူညီပံ့ပိုးပေးခြင်းများအပါအ ဝင် ဝန်ဆောင်မှုများနှင့် အရင်းအမြစ်များကို မျှဝေဖလှယ်မှု ပြုပေးရန်။
- ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု အရေးကိစ္စဆောင်ရွက်နေသူ လုပ်ငန်းအဖွဲ့များ (သို့မဟုတ်) အဖွဲ့အစည်းများအကြား စိတ်ကျန်းမာရေး၊ အရင်းအမြစ် စုဆောင်းရေး၊ စွမ်းရည်မြှင့်တင် ပေးရေး စသည့် နယ်ပယ်များတွင် ရှင်သန်လွတ်မြောက်လာ သူများအတွက် ရေရှည်တည့်တံ့သော ပံ့ပိုးကူ ညီမှုများ ဖော်ဆောင် ပေးနိုင်ရန်အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု တိုးမြှင့်ပေးရန်။
- ဒေသန္တရဆိုင်ရာနှင့် နိုင်ငံတကာပလက်ဖောင်းများမှတစ်ဆင့် တိုင်းရင်းသား/လူမျိုးစု တော်လှန်ရေးအဖွဲ့အ စည်းများ၊ ကြားကာလအစိုးရ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ အမျိုးသမီး အဖွဲ့အစည်းများ၊ လိင်စိတ်ခံယူမှု မတူ ကွဲပြားသူအဖွဲ့အစည်းများ၊ လူ့အခွင့်အရေးအဖွဲ့ အစည်းများကဲ့သို့သော အစုအဖွဲ့များနှင့် ညှိနှိုင်းစည်းရုံး မှုလုပ် ဆောင်ရန်။

## ကမ္ဘာ့ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာအသိုင်းအဝိုင်းများသို့

- ရာဇဝတ်မှုကျူးလွန်သော အကြမ်းဖက်စစ်အုပ်စုအား တရားဝင်အစိုးရအဖြစ် အသိအမှတ်ပြု ခြင်းမှ ရှောင်ကြဉ်ရန်။
- အကြမ်းဖက်စစ်အုပ်စုထံသို့ ငွေကြေးစီးဆင်းမှုကို ဖြစ်စေနိုင်သည့် ရင်းနှီးမြှုပ်နှံမှု၊ ထောက်ပံ့ကူညီမှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှန်သမျှအား ချက်ချင်းရပ်သိမ်းရပ်ဆိုင်းရန်။
- အကြမ်းဖက်စစ်အုပ်စုထံ လက်နက်ခဲယမ်းများနှင့် လေယာဉ်ဆီများ မရောက်ရှိစေရန် တိကျစွာ ပစ်မှတ်ထားမှုရှိသည့် ဒဏ်ခတ်အရေးယူပိတ်ဆို့မှုများ ပြဋ္ဌာန်းကျင့်သုံးပြီး အရပ်သားများကို ပစ်မှတ်ထား တိုက်ခိုက်နေသည့် ရက်စက်ကြမ်းကြုတ်မှုမှန်သမျှ ရပ်တန့်ရန် ဖိအားပေးတိုးမြှင့်လုပ်ဆောင်ရန်။
- ပြစ်ဒဏ်မှ အလုံးစုံကင်းလွတ်နေမှုကို အဆုံးသတ်နိုင်ရန်အတွက် စစ်ရာဇဝတ်မှုများ၊ လူသား မျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများနှင့် လူမျိုးတုံးသတ်ဖြတ်မှုများဖြင့် ပြစ်မှုကျူး လွန်သူ အကြမ်းဖက်စစ်အုပ်စု ခေါင်းဆောင်များကို အာဂျင်တီးနား၏ ဖမ်းဝရမ်းထုတ်ပြန်မှုကို အား ပံ့ပိုးကူညီ၍ ပူးပေါင်းဆောင်ရွက်ရန်။

## ဒေသတွင်းအခြေပြုအဖွဲ့အစည်းများအား ပံ့ပိုးကူညီရန်

- အလုံးစုံပါဝင်သော တိုက်ရိုက်ပံ့ပိုးမှုများ၊ အရင်းအမြစ်များကို ဒေသတွင်းရှိ လူ့အခွင့်အရေး၊ အမျိုးသမီး အခွင့်အရေး၊ အမျိုးသမီးတန်းတူညီမျှမှုရရှိရေးနှင့်နှင့် လိင်စိတ်ခံယူမှုမတူကွဲပြားသော အဖွဲ့အစည်းများအား လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုဆိုင်ရာ လုပ်ငန်းများကို ကျွမ်းကျင်ထိရောက်မြန်ဆန်စွာ ဆက်လက်လုပ်ဆောင်နိုင်ရန်အတွက် လျာထားခွဲဝေပြီး တိုးချဲ့လုပ်ဆောင် သွားရာတွင် –
  - ရှင်သန်လွတ်မြောက်လာသူများအတွက် ဒေသတွင်းအခြေပြုသည့် အရေးပေါ် အကူအညီများ စီစဉ်ဆောင်ရွက်ပေးခြင်း။
  - လိင်နှင့် ဂျဲန်ဒါအခြေပြုအကြမ်းဖက်မှုနှင့် ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက် သည့် အမှုများအား ကောက်ယူမှတ်တမ်းတင်ခြင်းနှင့် မြေပြင်၌အန္တရာယ်များကြားမှ အချက်အလက် ကောက်ယူနေသည့် ကွင်းဆင်းအချက်အလက်ကောက်သူများဘေးကင်းလုံခြုံရေးအတွက် လိုအပ်သည့်အကူအညီများ ပံ့ပိုးပေးသွားရန်။
  - ကျူးလွန်ခံရသူများနှင့် ရှင်သန်လွတ်မြောက်လာသူများ ၎င်းတို့ဘဝ ပြန်လည်တည်ဆောက်နိုင်ရန် ရှင်သန်လွတ်မြောက်သူ အလေးထား၍ချဉ်းကပ်မှုဖြင့် ၎င်းတို့အား (ထိခိုက်ဒဏ်ရာများ၊ လိင်မှတစ်ဆင့် ကူးစက်သော ရောဂါတားဆီးကာကွယ်ပေးခြင်း၊ အရေးပေါ် နေရာရွှေ့ပြောင်းပေးခြင်း စသည် တို့ပါဝင်သည့်) လုံခြုံသောအိမ်ယာ/ နေရာများ၊ ခိုလှုံရာနေရာများနှင့် အသက် မွေးဝမ်းကျောင်း သင်တန်းများ ကူညီထောက်ပံ့ပေးခြင်း အစီအစဉ်များကို အကောင်အထည် ဖော်ပေးရန်။
- ပဋိပက္ခနှင့်ဆက်နွယ်သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် စိတ်ကျန်းမာရေးနှင့် လူမှုဘဝစိတ်ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများ ပံ့ပိုးမှုပေးနေသူများနှင့် လိင်ပိုင်း ဆိုင်ရာအကြမ်းဖက်သည့် ရာဇဝတ်မှုများအား မှတ်တမ်းတင်နေသူများ အပါအဝင် ကူညီဆောင် ရွက်ပေး နေသော အစုအဖွဲ့နှင့် အဖွဲ့အစည်းများအား နည်းပညာဆိုင်ရာ အထောက်အကူများပေးရန်။
- ဖြစ်ပေါ်နေသောအခြေအနေကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် တားဆီးကာကွယ်ရေးနှင့် အ ကာအကွယ်ပေးရေးဆိုင်ရာ မူဝါဒများနှင့် ယန္တရားများ ချမှတ်ဖော်ဆောင်နိုင်အောင် အမျိုးသားညီညွတ်ရေး အစိုးရနှင့် တိုင်းရင်းသား/လူမျိုးစု အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ တရားရေးဆိုင်ရာ ယန္တရားများအကြား ပူး ပေါင်းဆောင်ရွက်မှု၊ ပေါင်းစပ်ညှိနှိုင်းမှုကို ပိုမိုခိုင်မာအောင် ကူညီလုပ်ဆောင်ပြီး ပြစ်မှုကျူးလွန်သူများအား ဥပဒေအရအရေးယူနိုင်မည့် အစီအမံများချမှတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းကို ထိုအဖွဲ့များအား အထောက်အကူပြုပံ့ပိုးပေးရန်။

# မြန်မာ့အမျိုးသမီးသမဂ္ဂအကြောင်း တစေ့တစောင်း

မြန်မာ့အမျိုးသမီးသမဂ္ဂ Burmese Women's Union (BWU) ကို ၁၉၉၅ ခုနှစ်၊ ဇန်နဝါရီလ (၇) ရက်နေ့တွင် ထိုင်း-မြန်မာနယ်စပ်၌ ၈ လေးလုံး လူထုအရေးတော်ပုံနောက်ပိုင်း မြန်မာနိုင်ငံမှ ထွက်ခွာလာခဲ့သော ကျောင်းသူ အမျိုးသမီးငယ်များဖြင့် ဖွဲ့စည်းခဲ့ သည်။ BWU အဖွဲ့ဝင်များသည် ဂျန်ဒါ၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုအပေါ် ခွဲခြားမှုမရှိဘဲ မတူကွဲပြားမှုကို စုစည်းအင်အားတရပ်အဖြစ် တန်ဖိုးထားသည့် မြန်မာနိုင်ငံမှ အမျိုးသမီးများဖြစ်ကြသည်။

BWU သည် ဂျန်ဒါတန်းတူညီမျှမှုနှင့် တရားမျှတမှုရှိပြီး ငြိမ်းချမ်း၍ဟန်ချက်ညီသော လူသားဖြစ်တည်မှု အပေါ် တန်ဖိုးထားသည့် လူ့အဖွဲ့အစည်း တရပ် ပေါ်ထွန်းလာစေရေးကို မျှော်မှန်း၍ အာဏာရှင် စနစ်အလုံးစုံ ပျက်သုဉ်းရေး၊ တိုင်းရင်းသားတန်းတူညီမျှမှုရှိသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ်ပေါ်ပေါက်လာရေး ဂျန်ဒါ တန်းတူညီမျှမှု ရရှိလာစေရေးအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းနှင့် သုတေသန လုပ်ဆောင်ခြင်းတို့ဖြင့် ပူးပေါင်းပါဝင် ဦးဆောင်လျက်ရှိသည်။

.............

## ■ မျှော်မှန်းချက်

ဂျန်ဒါတန်းတူညီမျှမှုနှင့် တရားမျှတမှုရှိပြီး ငြိမ်းချမ်း၍ဟန်ချက်ညီသော လူသားဖြစ်တည်မှုအပေါ် တန်ဖိုးထားသည့် လူ့အဖွဲ့အစည်းတရပ်ပေါ်ထွန်းလာစေရမည်။

## ■ မြန်မာ့အမျိုးသမီးသမဂ္ဂ၏ ရည်မှန်းချက်

မိမိတို့သည် ဂျန်ဒါ၊ လူမျိုး၊ ကိုးကွယ်ယုံကြည်မှုအပေါ် ခွဲခြားမှုမရှိဘဲ မတူကွဲပြားမှုကို စုစည်းအင်အား တရပ်အဖြစ် တန်ဖိုးထားသည့် မြန်မာနိုင်ငံမှ အမျိုးသမီးများဖြစ်ကြပြီး အာဏာရှင်စနစ် အလုံးစုံပျက်သုဉ်းရေး၊ တိုင်းရင်းသားတန်းတူညီမျှမှုရှိသည့် ဖက်ဒရယ်ဒီမိုကရေစီစနစ် ပေါ်ပေါက်လာရေး ဂျန်ဒါတန်းတူညီမျှမှု ရရှိလာစေရေးအတွက် စွမ်းရည်မြှင့်တင်ခြင်း၊ စည်းရုံးလှုံ့ဆော်ခြင်းတို့ ဖြင့် ပူးပေါင်းပါဝင်ဦးဆောင်သွားမည်။

## ■ ဦးတည်ချက်

- အမျိုးသမီးများ နိုင်ငံရေးနယ်ပယ်နှင့် ဆုံးဖြတ်ချက်ချသည့်နေရာတို့တွင် ပိုမိုပါဝင်လာနိုင်စေရေး အတွက် လုပ်ဆောင်ရန်။
- စစ်အာဏာရှင်အပါအဝင် အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် စစ်မှန်သော ဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရေးအခန်းကဏ္ဍများတွင် အမျိုးသမီးများ၏ အတွေးအမြင် နှင့် စွမ်းအား များကို ပိုမိုအသုံးပြုနိုင်ရန်။
- နိုင်ငံတကာစံချိန်စံညွှန်းများအရအသိအမှတ်ပြုထားသော အမျိုးသမီးများ၏ လူ့အခွင့်အရေး များနှင့် လိင်ကွဲပြားမှုအပေါ် ခွဲခြားမှုမရှိသော တန်းတူရေး (Gender Equality) ကို လက်ခံကျင့်သုံးမှု မြန်မာ့လူ့အဖွဲ့အစည်းအတွင်း ပြန့်ပွားလာစေရန်။

“ကျူးလွန်ခံရတဲ့ ကလေးကို ဆေးကုပြီး
ဒဏ်ရာကသက်သာသွားလည်း သူက
စိတ်ပိုင်းဆိုင်ရာ အရမ်းထိခိုက်သွားတာ
ကြောင့် အမြဲတမ်းထိတ်လန့်နေတာ”

“စစ်အုပ်စုရဲ့ အပေါင်းအပါတွေဖြစ်တဲ့
အုပ်ကြီးနဲ့ပျူစောထီးတို့က ရွာထဲမှာရှိတဲ့
မိန်းကလေးများကို မုဒိမ်းကျင့်တယ်။ ပြီးရင်
ငွေနဲ့ဖြေရှင်းတာရှိသလို တချို့ကျတော့
ဒီတိုင်းပြီးသွားတာလည်းရှိတယ်”

“လိင်ပိုင်းဆိုင်ရာကျူးလွန်တဲ့အမှုတွေကို
တော်လှန်ရေးပြီးရင် ထိထိရောက်ရောက်
အရေးယူစေချင် တယ်”

“ကျွန်မရင်ခွင်ပိုက်ထားတဲ့ ၆ နှစ်သမီး
ငယ်လေးကို အတင်းလုသွားပြီး
အကြမ်းဖက်စစ်သားတွေက မုဒိမ်းကျင့်
လိုက်ကြတယ်”